# မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၅ ရက်၊ ၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာ ၃၁ ရက်၊ သောကြာနေ့၊ အတွဲ(၄၂)၊ အမှတ်(၉၂)



နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီအစည်းအဝေး အမှတ်စဉ်(၂/၂၀၀၄) အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)



## ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံး ရှိကြရမည်

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နယ်နိမိတ်အတွင်း၌ တိုင်းရင်းသားလူမျိုးပေါင်းစုံ ပျံ့နှံ့နေထိုင်လျက်ရှိကြသလို ပြည်ထောင်စုကြီး၏ နယ်မြေဒေသ အစိတ်အပိုင်းတစ်ခုစီသည်လည်း တိုင်းရင်းသားလူမျိုးများ အတူတကွ ပူးပေါင်းနေထိုင်သည့် ပြည်ထောင်စုငယ်များပင် ဖြစ်သည်။

ဤကဲ့သို့ တစ်ဦးနှင့်တစ်ဦး ပေါင်းစည်းယှက်နွယ်နေထိုင်ကြပြီး ခွဲခြား၍မရသည့် အခြေအနေတွင် တိုင်းရင်းသားလူမျိုးများ အချင်းချင်း ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံး ရှိကြဖို့လိုသည်။

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ**
**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ**

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်
မူလတန်းဆရာအတတ်သင်တန်း အမှတ်စဉ်(၃၅)
သင်တန်းဆင်းပွဲသြဝါဒမိန့်ခွန်းမှ—

# တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးစည်းလုံးညီညွတ်သော ပြည်ထောင်စုကြီးဖြစ်ထွန်းရေးကြိုးပမ်းခဲ့ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း တစ်ကြိမ်တစ်ခါဆောင်ရွက်ခြင်းမျိုးမဟုတ်ဘဲ စဉ်ဆက်မပြတ်ဆောင်ရွက် ဒေသခံပြည်သူများ စားဝတ်နေရေးပြည့်စုံဖူလုံမှုမှသည် လူနေမှုဘဝမြင့်မားတိုးတက်စေရေးဆက်စပ်ပေးရမည်

**ရန်ကုန် ဒီဇင်ဘာ ၃၀**

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီအစည်းအဝေး အမှတ်စဉ်(၂/၂၀၀၄)ကို ယနေ့မွန်းလွဲ ၁ နာရီတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)စစ်ဆင်ရေးအစည်းအဝေးခန်းမ၌ကျင်းပရာ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက် အမှာစကားပြောကြားသည်။ *စာမျက်နှာ ၄ ကော်လံ ၁* ✡



**နိုင်ငံတော် ပွဲစည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း ၁၂၇၅ ခုနှစ်ကတည်ထောင်သည်။ Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်)

# တိုင်းရင်းသားပြည်သူများလူမှုဘဝတိုးတက်မြင့်မားလာရေး ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများတည်ဆောက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ပြောင်းလဲကျင့်သုံးနေသော ဈေးကွက်စီးပွားရေးစနစ်အရ ပုဂ္ဂလိက စီးပွားရေးကဏ္ဍကို အထူးဦးစားပေးပြီး လွတ်လပ်စွာ ရောင်းဝယ်ဖောက်ကားမှုများကို နိုင်ငံတော်က ခွင့်ပြုပေးခဲ့သည်။ တစ်ချိန်တည်းမှာပင် ပုဂ္ဂလိကစက်ရုံအလုပ်ရုံသစ်များ၊ နိုင်ငံပိုင်စက်ရုံကြီးများ တိုးတက်ဖြစ်ပေါ်လာသည့်အပြင် မြို့ပြဒေသလူနေမှု အဆောက်အအုံများ တိုးချဲ့ဖြစ်ပေါ်လာလျက်ရှိသည်။

ယင်းသို့ တိုးတက်ဖြစ်ပေါ်လာမှုများနှင့်အတူ လျှပ်စစ်ဓာတ်အား သုံးစွဲမှုပမာဏများလည်း ပိုမိုမြင့်မား တိုးတက်လာခဲ့သည်။ လျှပ်စစ်ဓာတ်အားသုံးစွဲမှုသည် နှစ်စဉ်ပျမ်းမျှ ၁၅ ရာခိုင်နှုန်းတိုးတက်လျက်ရှိသည်ဟု ခန့်မှန်းတွက်ချက်ထားပြီး ရန်ကုန်မြို့တော်တစ်ခုတည်းတွင်ပင် လွန်ခဲ့သည့် ၁၅နှစ်ခန့်က မဂ္ဂါဝပ် ၁၃၀ ခန့်သုံးစွဲရာမှ မဂ္ဂါဝပ် ၄၅၀ခန့်အထိ တိုးတက်မြင့်မားလာသည်ကို တွေ့ရသည်။

တိုးတက်များပြားလာသော နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် အတွက် နိုင်ငံတော်အကြီးအကဲဗိုလ်ချုပ်မှူးကြီးသန်းရွှေက **'နိုင်ငံတော်၏ ပေါကြွယ်ဝသည့် ရေအရင်းအမြစ်များကို အခြေခံပြီး လက်ရှိငါးနှစ်စီမံကိန်းကာလအတွင်းမှာပင် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၂၀၀၀ ထပ်မံတိုးချဲ့ထုထောင်သွားရန်'** လမ်းညွှန်မှာကြားခဲ့သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်မှာကြားချက်နှင့်အညီ တန်ဖိုးကြီးမားလှသည့် ရေ၊ မြေ သယံဇာတများကို အကျိုးရှိရှိ ပြုပြင်ဖန်တီးဖော်ထုတ်ပြီး နိုင်ငံတော်တစ်ဝန်းတွင် ဆည်မြောင်းတာတမံလုပ်ငန်းပေါင်း ၁၆၉ ခု တည်ဆောက်ပေးခဲ့သည့်အနက် အဆိုပါ ဆည်မြောင်းတာတမံများကို အခြေခံ၍ ရေအားလျှပ်စစ်စက်ရုံစုစုပေါင်း ၃၀ကို တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည်။

နိုင်ငံတော် လျှပ်စစ်စွမ်းအားဖွံ့ဖြိုးရေးစီမံကိန်း လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဒီဇင်ဘာလ ၂၉ရက်နေ့က မကွေးတိုင်း စေတုတ္တရာ မြို့နယ်တွင် ဖွင့်လှစ်သည့် မုန်းချောင်းဘက်စုံရေလှောင်တမံဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေး ချီးမြှင့်ပြီး အမှာစကားပြောကြားရာ၌–

> **"မုန်းချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းသည် နိုင်ငံတော်တစ်ရပ်လုံးနှင့် အကျိုးဝင်သည့် မဟာဓာတ်အားလိုင်းစနစ် စီမံကိန်းဝင်လုပ်ငန်း တစ်ခုဖြစ်ကြောင်း၊ ဒေသအတွက်ရော နိုင်ငံ အတွက်ပါ အကျိုးပြုသည့်တိုင်းကျိုးပြည်ပြု စီမံကိန်းကြီးဖြစ်သည်ဟု ဆိုရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမြေဧက တစ်သိန်းကျော်ကို ရေပေးဝေနိုင်သည့်အပြင် ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ခြင်း၊ ဒေသကို ချောင်းရေကြီးမှုဘေးအန္တရာယ်မှ ကာကွယ်နိုင်ခြင်း၊ ဒေသ ဖွံ့ဖြိုးရေးအထောက်အကူပြုခြင်းစသည့် အကျိုးသက်ရောက်မှုများသည် သားစဉ်မြေးဆက်အထိ ရေရှည်ခံစားသွားရမည်ဖြစ်ကြောင်း"**

ပြောကြားသွားသည်။

မုန်းချောင်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက တာဝန်ယူတည်ဆောက်ခဲ့သည့် ၇၅ မဂ္ဂါဝပ်ရှိသော ဓာတ်အားပေးစက်ရုံဖြစ်သည်။ မုန်းချောင်း ဘေးဝဲယာမှ စိုက်ပျိုးမြေများ၊ စီမံကိန်းဧရိယာများ စိမ်းလန်းစိုပြည်စေရန်နှင့် တစ်နှစ်ပျမ်းမျှ ကီလိုဝပ်နာရီသန်းပေါင်း ၃၃၀ ဓာတ်အားဖြန့်ဖြူးနိုင်ရန် ရည်ရွယ်ချက်ဖြင့် စီမံကိန်းကိုအကောင်အထည်ဖော်ခဲ့ခြင်း ဖြစ်သည်။

မုန်းချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းကဲ့သို့ ကျန်ရှိနေသေးသော စီမံကိန်းလုပ်ငန်းများကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့ ဟန်ချက်ညီညီ အကောင်အထည်ဖော် သွားကြရန်ဖြစ်သည်။ သို့မှသာ ဒေသစိမ်းလန်းစိုပြည်ပြီး ဒေသခံပြည်သူများ လူမှုစီးပွားရေးဘဝ ပိုမိုတိုးတက်မြင့်မားကာ နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ပိုမိုဖြည့်ဆည်းပေးနိုင်မည် ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်၏ စီးပွားရေး တိုးတက်လာမှုနှင့်အတူ ပြည်သူများ လူမှုဘဝ တိုးတက်မြင့်မားလာရေးအတွက် ပေါများကြွယ်ဝသည့် သဘာဝရေအရင်းအမြစ်များကို အသုံးချပြီး ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံလုပ်ငန်းများ ပိုမိုတိုးတက်ဖြစ်ထွန်းလာစေရန် ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ဝိပဿနာတရားပွဲ

**ရန်ကုန် ဒီဇင်ဘာ ၃၀**

အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ တန့်ကြည့်တောင် ဆရာတော်ကြီးကိုယ်တိုင် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် တန့်ကြည့်တောင် ဝိပဿနာရိပ်သာ (ရန်ကုန်)၌ သတိပဋ္ဌာန် ဝိပဿနာ ခုနစ်ရက် အဓိဋ္ဌာန် တရားပွဲများကို ၂၀၀၅ ခုနှစ် ဇန်နဝါရီ ၈ရက်မှ ၁၅ ရက်အထိ ပထမပတ်၊ ၁၅ရက်မှ ၂၂ ရက်အထိ ဒုတိယပတ်၊ ၂၂ရက်မှ ၂၉ ရက်အထိ တတိယပတ် ရက်သတ္တသုံးပတ် ဟောပြောပြသသွားမည်ဖြစ်ရာ ရိပ်သာဖုန်း–၂၄၇၅၅၇၊ဦးကိုမြင့် ဖုန်း–၅၀၂၈၂၀ တို့သို့ ကြိုတင် စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ **(က–ပ)**

## အာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၃၀**

အစိုးရ နည်းပညာကောလိပ် (မှော်ဘီ) (၁၉၉၉–၂၀၀၂)စာသင်နှစ် E.G.T.I လျှပ်စစ်စွမ်းအား ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ် အာစရိယပူဇော်ပွဲကို ၂၀၀၅ခုနှစ် ဇန်နဝါရီ၄ရက် နံနက် ၉နာရီတွင် တက္ကသိုလ်များဓမ္မာရုံတွင် ကျင်းပရန် စီစဉ်ထားသည်။

အာစရိယပူဇော်ပွဲအတွက်လှူဒါန်းလိုသူ အဝေးရောက် ကျောင်းသားကျောင်းသူဟောင်းများသည် ကိုစိုးမိုးလွင် ဖုန်း–၆၄၀၉၀၇၊ ကိုအောင်ကျော်မင်း၊ကိုရန်နိုင်စိုး ဖုန်း–၆၃၉၃၀၃၊ ၆၃၉၃၀၆၊ကိုမင်းထိုက်၊ကိုပြည့်စုံထွန်း ဖုန်း–၅၇၀၅၉၂၊ ကိုမင်းမင်းဦး ဖုန်း–၅၄၃၇၈၉နှင့် မစန္ဒာဦး၊ မယုယုငြိမ်း ဖုန်း–၆၀၀၀၃၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။**(က–ပ)**

## မြန်မာနိုင်ငံပြန်တမ်း

**ရန်ကုန် ဒီဇင်ဘာ ၃၀**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံခြားရေးဝန်ကြီးဌာန စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် ယင်းဝန်ကြီးဌာနမှ အမေရိကန်ပြည်ထောင်စုဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးလင်းမြိုင်အား တာဝန်ဝတ္တရားများကို စတင် ဆောင်ရွက်သည့်နေ့မှစ၍ ခန့်ထားလိုက်သည်။

## မြန်မာနိုင်ငံပြန်တမ်း

**ရန်ကုန် ဒီဇင်ဘာ ၃၀**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲများအား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

| **အမည်** | **ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲ ရာထူး၊ ဌာန** |
| --- | --- |
| (က) ဦးမြင့်ရွှေ | ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန |
| (ခ) ဦးအေးကြူ | ညွှန်ကြားရေးမှူးချုပ် အမှတ်(၃)အခြေခံပညာဦးစီးဌာန (ရန်ကုန်မြို့တော်) ပညာရေးဝန်ကြီးဌာန |

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့သင်္ဘောကျင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် ယင်းလုပ်ငန်းမှ အထွေထွေမန်နေဂျာ(စက်မှုစီမံ) ဦးကြည်စိုးအား တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။




## စင်ကာပူ၏ ပြည်တွင်းထုတ်ကုန်ပစ္စည်းများတိုးတက်

စင်ကာပူ ဒီဇင်ဘာ ၂၉

**စင်ကာပူနိုင်ငံ၏ ကုန်ပစ္စည်းထုတ်လုပ်မှုသည် ပြီးခဲ့သည့် နိုဝင်ဘာလတွင် ၁၃ ဒသမ ၂ရာခိုင်နှုန်း တိုးတက်ထုတ်လုပ်နိုင်ခဲ့ရာ ပြီးခဲ့သည့်နှစ်အလားတူကာလကထက် ပိုမိုထုတ်လုပ်နိုင်ခဲ့ကြောင်းသိရသည်။**

အဆိုပါ ကိန်းဂဏန်းမှာ စင်ကာပူနိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအဖွဲ့ (အီးဒီဘီ)က ပြီးခဲ့သည့် တနင်္လာနေ့က ထုတ်ပြန်သော ကိန်းဂဏန်းဖြစ်ပြီး စင်ကာပူနိုင်ငံ၏ ကုန်ပစ္စည်းထုတ်လုပ်မှု၏ ယခုနှစ်ပထမ ၁၁လတာ ကာလအတွက်ဖြစ်ရာ ယခင်နှစ်ကထက် ၁၃ရာခိုင်နှုန်းကျော် တိုးတက်ခဲ့ကြောင်း သိရသည်။ အီလက်ထရွန်းနစ် ပစ္စည်းထုတ်လုပ်မှုမှာ နိုဝင်ဘာလတွင်၃ ဒသမ ၁ရာခိုင်နှုန်း၊ သယ်ယူပို့ဆောင်ရေးစက်မှုလုပ်ငန်းတွင် ၃၁ဒသမ ၉ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း သိရသည်။ ဓာတုပစ္စည်းထုတ်လုပ်မှုတွင် ၁၅ဒသမ၇ ရာခိုင်နှုန်း တိုးတက်ခဲ့သော်လည်း စက်မှုလုပ်ငန်းအနေဖြင့် ဝဒသမ ၄ရာခိုင်နှုန်းသာ တိုးတက်ခဲ့ကြောင်းသိရသည်။ **အမ်အင်အေ၊ ဆင်ဟွာ**

## ဒုတိယအကြိမ်မြောက်တရုတ်–အာဆီယံကုန်စည်ပြပွဲ ၂၀၀၅ ခုနှစ်တွင် နန်နင်း၌ ပြုလုပ်မည်

ပေကျင်း ဒီဇင်ဘာ ၂၈

**ဒုတိယအကြိမ်မြောက် တရုတ်–အာဆီယံကုန်စည်ပြပွဲကို ၂၀၀၅ခုနှစ် အောက်တိုဘာနှင့် နိုဝင်ဘာလများတွင် တရုတ်နိုင်ငံ နန်နင်းမြို့၌ ပြုလုပ်မည်ဖြစ်ရာ မလေးရှားနိုင်ငံမှ အနည်းဆုံးကုမ္ပဏီ ၁၀၀ခန့် ပါဝင်ဆင်နွှဲမည်ဟု မျှော်မှန်းထားကြောင်းသိရသည်။**

တရုတ်နိုင်ငံတွင် ၂၀၀၄ခုနှစ် နိုဝင်ဘာ ၃ရက်မှ ၆ရက်အထိ ကျင်းပခဲ့သော ပထမအကြိမ် တရုတ်–အာဆီယံ ကုန်စည်ပြပွဲတွင် အစိုးရဌာနခုနစ်ခုနှင့် မလေးရှားကုမ္ပဏီ ၅၀တို့ ပါဝင်ပြသခဲ့ကြကြောင်း ဒီဇင်ဘာ ၂၈ ရက်ကပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးနှင့် စက်မှုလုပ်ငန်းဝန်ကြီး ဒါတပ်ခ်အာမက်ဟူစ်နီဟာနက်ဖ်လဒ်က သတင်းထောက်များအား ပြောကြားသည်။

**ရောင်းချခဲ့ရ**

အဆိုပါ ပထမအကြိမ်ကုန်စည်ပြပွဲတွင် ရောင်းချရန် အလားအလာရှိသော ပစ္စည်းများအနေဖြင့် စုစုပေါင်း မလေးရှားနိုင်ငံသုံးငွေ ရင်းဂစ် ၆၁ ဒသမ ၂သန်းနှင့် လက်ငင်းရောင်းချရသည့် ပစ္စည်းများဖြစ်သော သံချောင်းများ၊ စားအုန်းဆီထုတ်ကုန်များ၊ စက်ပစ္စည်းအစိတ်အပိုင်းများနှင့် ကွန်ပျူတာဆော့ဖ်ဝဲလ်များအနေဖြင့် ရင်းဂစ် ၁၄၈၂၀၀ဖိုး ရောင်းချခဲ့ရကြောင်းလည်း အဆိုပါဝန်ကြီးက ပြောကြားသည်။

အဆိုပါ ကုန်စည်ပြပွဲ၏ ဂေါင်ဇီ ပြင်ဆင်မှုကော်မတီ၏ ဒုတိယဥက္ကဋ္ဌ လူကွိဘာရှိနှင့် အမက်ဟူစ်နီတို့က ပြောကြားရာတွင် တရုတ်–မလေးရှား ကုန်သွယ်မှုသည် ယခုနှစ် ဇန်နဝါရီမှ အောက်တိုဘာလအထိ ရင်းဂစ် ၅၈ ဒသမ ၅၅ ဘီလီယံရှိခဲ့ရာ မကြာမီ တစ်နှစ်လုံးက ရင်းဂစ် ၅၃ဒသမ၆၂ ဘီလီယံရှိခဲ့သဖြင့် တိုးတက်ခဲ့ကြောင်း ပြောကြားကြသည်။ **(အင်တာနက်)**

# ဒုတိယဝန်ကြီးဦးမောင်အောင် မြို့နယ်ဦးစီးမှူးရုံးများစစ်ဆေး ဧရာဝတီတိုင်းနှင့် ရခိုင်ပြည်နယ်၌ လုပ်ငန်းဆိုင်ရာမှာကြား

ရန်ကုန် ဒီဇင်ဘာ ၃၀

**လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်အောင်သည် တာဝန်ရှိသူများလိုက်ပါ လျက် ဒီဇင်ဘာ ၂၄ ရက်တွင် ဧရာဝတီတိုင်း ကျောင်းကုန်းမြို့သို့ရောက်ရှိပြီး မြို့နယ်ဦးစီးဌာနမှူးရုံးနှင့် ရေကြည်မြို့နယ် ဦးစီးဌာနမှူးရုံးတို့ကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး ဆွေးနွေးမှာကြားသည်။ ထို့နောက် တိုင်းဦးစီးဌာနမှူး ညွှန်ကြားရေးမှူးဦးဘိုရွှေလိုက်ပါလျက် ပုသိမ်-မုံရွာလမ်းနှင့် ငါးသိုင်းချောင်း-ဂွလမ်းဆုံရှိ ရေနံ့သာကင်း စခန်း၊ ကြံခင်းမြို့နယ် ပုသိမ်-မုံရွာလမ်းပေါ်ရှိ ဘက်ရဲကင်းစခန်းများနှင့် ဝန်ထမ်းများတာဝန်ချထားမှုအခြေအနေများ တို့ကို ကြည့်ရှုစစ်ဆေးပြီး ဂွမြို့သို့ ဆက်လက်ထွက်ခွာသွားသည်။**

ဒုတိယဝန်ကြီးသည် ဒီဇင်ဘာ ၂၅ ရက်တွင် ရခိုင်ပြည်နယ်ရှိ ဂွမြို့နယ် ဦးစီးဌာနမှူးရုံးနှင့် ကျိန်တလီမြို့နယ် ခွဲရုံးရှိ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ လိုအပ်သည်များကို မှာကြားသည်။

ဒုတိယဝန်ကြီးသည် ဒီဇင်ဘာ ၂၆ ရက်တွင် ဧရာဝတီတိုင်းသို့ရောက်ရှိပြီး လပွတ္တာမြို့နယ် ဦးစီးဌာနမှူးရုံးကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြားသည်။

ဒုတိယဝန်ကြီးသည် ဒီဇင်ဘာ၂၇ ရက်တွင် မြောင်းမြ၌ ခရိုင်၊ မြို့နယ် ဝန်ထမ်းများအား တွေ့ဆုံမှာကြားပြီး ခရိုင်ဦးစီးဌာနမှူးနှင့်တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်း၍ ဖြည့်စွက်မှာကြားသည်။ ယင်းနောက် မြောင်းမြ-အိမ်မဲ- ဝါးခယ်မ ရေလမ်းကြောင်းဆုံသို့ ရောက်ရှိပြီး ပင်လယ်ဘက်မှ ရေယာဉ်၊သင်္ဘောများ ဝင်/ထွက် သွားလာမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များမှာကြားသည်။ထို့နောက် အိမ်မဲသို့ရောက်ရှိပြီး အိမ်မဲမြို့နယ်ဦးစီး ဌာနမှူးရုံးရှိ ဝန်ထမ်းများနှင့်တွေ့ဆုံမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်

(၁) နိုင်ငံတော်၏ လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး အတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ စုစည်းလက်တွဲပူးပေါင်း ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၂) ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးနှင့် ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်း ဆောင်ရွက်ရေး။

(၃) နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေး အတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ် စိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းဆောင်ရွက်ရေး။

(၄) စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံသစ်တည်ဆောက်ရေး အတွက် တိုင်းရင်းသားအားလုံးက ဝိုင်းဝန်းကြိုးပမ်း အကောင် အထည်ဖော် ဆောင်ရွက်ရေး။

## တရားပွဲများကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၃၀**

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓ သာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီက ကြီးမှူး၍ တရားပွဲများကို အဘိဓမ္မာရတနာဃရ ဓမ္မဗိမာန်တော် အမှတ် ၄၉/၅၁ ဗဟန်း လမ်းမကြီး ဗဟန်း ၃ လမ်း မှတ်တိုင် အနီး ရန်ကုန်မြို့တွင် ကျင်းပမည်ဖြစ်ရာ ၂၀၀၅ခုနှစ် ဇန်နဝါရီ ၃ ရက်တွင် ဓမ္မစေတီအရှင်ကောသလ၊ ဇန်နဝါရီ ၄ရက်တွင် အရှင်ဆန္ဒာဓိက(ရွှေပါရမီ တောရ)၊ဇန်နဝါရီ ၅ရက်တွင် ဘဒ္ဒန္တ ဝါသေဋ္ဌာဘိဝံသ (ကျောက်တစ်လုံး ဆရာတော်)၊ ဇန်နဝါရီ ၆ ရက်တွင် ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ (တိပိဋကယောဆရာတော်)၊ဇန်နဝါရီ ၇ရက်တွင် အရှင်ခေမာသိရီလင်္ကာရ(ရွှေပြည်ဟိန်း ဆရာတော်)၊ ဇန်နဝါရီ ၈ ရက်တွင် ဓမ္မဒူတအရှင်ဆေကိန္ဒ၊ဇန်နဝါရီ ၉ရက် တွင် အရှင်ရာဇိန္ဒ(ရဝေနွယ်-အင်းမ) ဆရာတော်များက တရားဟောကြား ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## အာစရိယဝန္ဒနာပူဇာနှင့် ဩဝါဒခံယူပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၃၀**

ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် မိုးကောင်းလမ်း မဟာဗောဓိပရိယတ္တိ စာသင်တိုက် ပဓာနနာယကနိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် မဟာ ဗောဓိဆရာတော်အား တပည့်အပေါင်း တို့က အာစရိယဝန္ဒနာပူဇာမင်္ဂလာနှင့် ဩဝါဒခံယူပွဲကို ၁၃၆၆ ခုနှစ် ပြာသို လပြည့်ကျော် ၃ ရက် ၂၀၀၅ ခုနှစ် ဇန်နဝါရီ ၂၇ ရက် ကြာသပတေးနေ့ နံနက် ၈နာရီတွင်ဆင်ယင်ကျင်းပ မည်ဖြစ်ရာမဟာဗောဓိပရိယတ္တိစာသင် တိုက်၌ စာပေပညာ သင်ယူဆည်းပူး ခဲ့သော တပည့်များ မပျက်မကွက် ကြွရောက်ကြရန် ဖိတ်ကြားနိုးဆော် ထားကြောင်း သိရသည်။ **(က-ပ)**




## မလစ်သတိ အမြဲရှိ

* ဟိုရှေးယခင်၊ ကျွန်ပြုစဉ်က
ပြိုင်ယှဉ်စစ်ခင်း၊ နိုင်ယူခြင်းဖြင့်
သနင်းဥကင်၊ ဘုရင်ဖမ်းယူ
ပြည်သူကျွန်ပြု၊ လုပ်ဆောင်မှုကြောင့်
ကျွန်ပြုလိုက်တာ၊ လွန်သိသာ၏။

* ယခုခေတ်တွင်၊ ကျွန်ပြုချင်က
အမြင်ဝေဝါး၊ ကွဲပြားမှုယူ
ပြည်သူချင်းချင်း၊ စည်းလုံးခြင်းတို့
ပျက်ယွင်းစေအောင်၊ သူကြံဆောင်၍
ပြည်ထောင်ပြိုကွဲ၊ ဗုန်းဗုန်းလဲလျှင်
ကယ်တင်ရှင်နှယ်၊ ဝင်ခြယ်လှယ်ကာ
ကြိုက်ရာစေပါး၊ လေ့ကျင့်ထားသူ
မွေးထားသူကို၊ အာဏာယူစေ
အုပ်ချုပ်စေနည်း၊ နိဿရည်းဖြင့်
ဖန်တီးကျွန်တွင်း၊ သွတ်ကာသွင်း၍
ချက်ချင်းပြည်သူ၊ မမူသတိ
မသိမသာ၊ ကျွန်ပြုပါ၏။

* သတိလစ်ဟင်း၊ ကျွန်တွင်းရောက်တာ
ဖြစ်မလာအောင်၊ ညီနောင်သွေးချင်း
ဒို့အတွင်းမှာ၊ ဘယ်သင်းဘယ်သူ
ဘယ်လိုလူတွေ၊ နည်းထွေထွေဖြင့်
မွှေကာနှောက်ကာ၊ သွေးခွဲပါလည်း
ခိုင်မာတွဲလက်၊ ချိတ်ဆက်မြဲမြံ
ဒို့ပုံစံချ၊ ဒို့ဘဝကို
လှလှပပ တည်ဆောက်စို့။ ။

**မေရှု**

**(၅၇)နှစ်မြောက်လွတ်လပ်ရေးနေ့ကိုကြိုဆိုဂုဏ်ပြုလျက်။**

## သစ်တောပြတိုက်ဖွင့်ပွဲ ရက်ပြောင်းရွှေ့

**ရန်ကုန် ဒီဇင်ဘာ ၃၀**

သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန သစ်တောပြတိုက် ဖွင့်ပွဲကို ၂၀၀၅ခုနှစ် ဇန်နဝါရီ ၁ ရက်အစား ဖွင့်လှစ်မည့်ရက်ကို ထပ်မံ ကြေညာမည်ဖြစ်ကြောင်း သတင်းရရှိ သည်။ **(သတင်းစဉ်)**

## မိတ္ထီလာမြို့နယ် လူးခင်းကြီးကျေးရွာသွား သစ်သားကွန်ကရစ်တံတား ပြုပြင်တည်ဆောက်

**မိတ္ထီလာ ဒီဇင်ဘာ ၂၄**

မိတ္ထီလာမြို့နယ် လူးခင်းကြီးကျေး ရွာအုပ်စု လူးခင်းကြီးကျေးရွာသွား သစ်သားတံတားသည် ယခုနှစ်မိုးရာ သီတွင် ရေကြီးတိုက်စားမှုကြောင့် ပျက်စီးသွားရာ သွားလာမှုလွယ်ကူစေ ရန် အဖွဲ့မှယာယီပြင်ဆင်ပေးခဲ့သည်။

ယခုအခါ မိတ္ထီလာမြို့နယ်စည်ပင် သာယာရေးအဖွဲ့မှ ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်၏ ခွင့်ပြုရန်ပုံငွေ ကျပ် ၂၆၅၀၀၀၀ အကုန်အကျခံကာ ၅၂ ပေ x ၁၄ပေ x ၂၃ ပေ အရွယ် အုတ်ရိုးစီ၊ သံပေါင်ကာ၊ သစ်သား ကြမ်းခင်းတံတားအဖြစ် အခိုင်အမာ ပြန်လည်တည်ဆောက်ပေးလျက်ရှိသည်။ **(အောက်ပုံ)** အဆိုပါ တံတားသည် မိတ္ထီလာမြို့နှင့်လူးခင်းကြီးကျေးရွာ အုပ်စုအတွင်းရှိ ကျေးရွာများ အဓိက ဆက်သွယ်သည့် ကျေးလက်တံတား တစ်စင်းဖြစ်ကြောင်း သိရသည်။

**(က-ပ)**



## မြန်မာ့ရုပ်မြင်သံကြား

**၃၁-၁၂-၂၀၀၄**
**(သောကြာနေ့)**
**နံနက်ပိုင်း**

၇:၀၀ ၁။ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာ တော်ကြီး ဦးဥတ္တမသာရ၏ ပရိတ် တရားတော်
၇:၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီရိန္ဒာ ဘိဝံသ(ယောဆရာတော်) ဟော ကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်
၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၆။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
၈:၀၀ ၇။ ကြေးမုံရိပ်သွင်တေးနယ်ဉ်
၈:၁၅ ၈။ ဆင်ဖြူရှင်တံတား
၈:၃၀ ၉။ International News
၈:၄၅ ၁၀။ English for Everyday Use

**ညပိုင်း**

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ တေးဂီတအစီအစဉ်
၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(ရုက္ခဗေဒ၊ သတ္တဗေဒအထူးပြုများ)(ရုက္ခဗေဒ)
၁၇:၀၀ ၅။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာတေးသံသာ
၁၇:၁၅ ၆။ နည်းစနစ်မှန်မှန်အားကစားအခြေခံ
၁၇:၃၀ ၇။ ဂီတမဟာပျော်စရာ
၁၇:၅၀ ၈။ **(၅၇)နှစ်မြောက် လွတ်လပ်ရေး နေ့ ဂုဏ်ပြုအစီအစဉ်**
၁၈:၀၅ ၉။ Discovery
၁၈:၁၅ ၁၀။ တေးဂီတအစီအစဉ်
၁၈:၃၀ ၁၁။ ညနေခင်းသတင်း
၁၉:၀၀ ၁၂။ မိုးလေဝသအခြေအနေ
၁၉:၀၅ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ
**"လူချွန်လူကောင်း"**
(အပိုင်း-၄၂)
၁၉:၃၀ ၁၄။ နှောင်းခေတ်တေးပဒေသာ
၁၉:၄၀ ၁၅။ **အချုပ်အခြာအာဏာ ခွန့်ရှည် ကြာ ခိုင်မာစေမှု ဒို့ရှေးရှု "မြန်ပြည်တစ်လွှား ဖွံ့ဖြိုးမှုများ ကျေးလက်လမ်းတံတား"**
၂၀:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ လပတ်မိုးလေဝသနှင့် ဇလဗေဒ ခန့်မှန်းချက်
၂၀။ မြန်မာဗီဒီယိုဇာတ်လမ်း **"ဓား" အပိုင်း(၂)**
(ကျော်သူ၊ နေထက်လင်း၊ မေသန်းနု)
(ဒါရိုက်တာ-ခင်စောမျိုး)

# နိုင်ငံတော်ရေရှည်အကျိုးဖြစ်ထွန်းရေး၊ တိုင်းရင်းသားချစ်ကြည်ရင်းနှီးမှုတိုးပွားရေး နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို မှန်ကန်သောနည်းလမ်းဖြင့်ကြိုးပမ်း

✡ ရှေ့ဖုံးမှ

## တက်ရောက်ကြ

အစည်းအဝေးသို့ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဗဟိုကော်မတီဝင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ဗဟိုကော်မတီဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ဗဟိုကော်မတီအတွင်းရေးမှူး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ဗဟိုကော်မတီဝင်များဖြစ်ကြသည့် ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ဗဟိုကော်မတီ တွဲဖက်အတွင်းရေးမှူး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့်၊ အထူးဖိတ်ကြားထားသည့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်းက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

## မွန်မြတ်သည့် ရည်ရွယ်ချက်ဖြင့်ဖွဲ့စည်းခဲ့

အစည်းအဝေးတွင် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အဖွင့်အမှာစကားပြောကြားရာတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီကို မြင့်မားမွန်မြတ်သည့် ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းခဲ့သည်ကို အားလုံးသိရှိကြပြီးဖြစ်ကြောင်း။

နယ်စပ်ဒေသများရှိ တိုင်းရင်းသားများနှင့်အတူတကွ ပူးပေါင်းပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းသာယာရေးတို့အတွက် လက်တွဲကြိုးပမ်းဆောင်ရွက်နိုင်စေရန် တိုင်းရင်းသားအဖွဲ့အစည်းများနှင့် တွေ့ဆုံ



လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က နယ်စပ်ဒေသများ၌ အသေးစား ရေအားလျှပ်စစ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ဆွေးနွေးပြီး ဥပဒေဘောင်အတွင်းဝင်ရောက်လာအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း။

## ပြည်ထောင်စုကြီးဖြစ်ထွန်းလာအောင်

နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး၊ အထွေထွေဖွံ့ဖြိုးမှု နောက်ကျနေရသည့် ဘဝမှ လွတ်မြောက်စေရေး၊ တိုင်းရင်းသားလူမျိုးများ၏ လူနေမှုဘဝအဆင့်အတန်းတိုးတက်မြင့်မားရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်ပေးရင်း အပြန်အလှန် ယုံကြည်မှုများ တည်ဆောက်ကာ တိုင်းရင်းသားများအချင်းချင်း ချစ်ကြည်ရင်းနှီးစည်းလုံးညီညွတ်သော ပြည်ထောင်စုကြီး ဖြစ်ထွန်းလာအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

ယင်းရည်မှန်းချက်တာဝန်များ၊ လုပ်ငန်းများဆောင်ရွက်နိုင်စေရန် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဗဟိုကော်မတီကို ဖွဲ့စည်းခဲ့ပြီး ဗဟိုကော်မတီက ချမှတ်ပေးသည့် မူဝါဒများ၊ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လုပ်ငန်းကော်မတီကိုပါ ဖွဲ့စည်းပေးခဲ့ခြင်းဖြစ်ကြောင်း။

## ချစ်ကြည်ရင်းနှီးမှုများတိုးပွား

ယင်းသို့ ရည်မှန်းချက်ရှိရှိဖြင့် စနစ်တကျ ကော်မတီများ ဖွဲ့စည်းဆောင်ရွက်ခဲ့သည့်အတွက် လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းပြီး တိုင်းရင်းသားလူမျိုးများအကြား အပြန်အလှန်နားလည်စာနာမှု၊ ချစ်ကြည်ရင်းနှီးမှုများ တိုးပွားလာခဲ့ကြောင်း။

နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းသာယာလာခဲ့ပြီး ဒေသဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများလည်း ဖြစ်ထွန်းလာခဲ့ကြောင်း၊ ဒေသခံတိုင်းရင်းသားများ၏ လူနေမှုဘဝ တိုးတက်မြင့်မားရေးအတွက် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး အခြေခံကောင်းများစွာကိုလည်း ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

## မူးယစ်ဆေးဝါးစိုက်ပျိုးထုတ်လုပ်မှုပပျောက်ရေး

နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်လာစေရအောင် ကြိုးပမ်းဆောင်ရွက်ပေးရင်း တစ်ပြိုင်တည်းမှာပင် နယ်စပ်ဒေသများ၌ ခေတ်အဆက်ဆက် ဒုက္ခပေးနေခဲ့သည့် ကိုလိုနီနယ်ချဲ့၏ ဆိုးမွေဖြစ်သော မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ်မှု ပပျောက်သွားစေရအောင် ယှဉ်တွဲကြိုးပမ်းဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသခံများ၏ စီးပွားရေး၊ လူမှုရေးဘဝ တိုးတက်မြင့်မားရေးလုပ်ငန်းများနှင့် ယှဉ်တွဲပြီး မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများကို ပေါင်းစပ်ဆောင်ရွက်ခဲ့သည့်အတွက် ဒေသဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများတွင်လည်း ဒေသခံတိုင်းရင်းသားများ၏ ပူးပေါင်းပါဝင်မှုရရှိလာပြီး လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းလာခဲ့သည်ကို တွေ့ရကြောင်း။

## မွန်မြတ်မြင့်မားသောရည်မှန်းချက်

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများနှင့် နယ်စပ်ဒေသနေ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ပြီး ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံကောင်းများ တစ်နိုင်ငံလုံးနှင့် တစ်ပြေးညီ ဖြစ်ထွန်းလာစေရန် ဖွံ့ဖြိုးတိုးတက်ရေး ကွာဟမှုနည်းနိုင်သမျှ နည်းပါးပြီး ကျဉ်းမြောင်းပပျောက်သွားစေရန် မွန်မြတ်မြင့်မားသော ရည်မှန်းချက်ဖြင့် ကြိုးပမ်းဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

သို့ဖြစ်၍ နယ်စပ်ဒေသများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာခဲ့ပြီး အချို့သော နယ်စပ်ဒေသများမှာ ထူးထူးခြားခြားအောင်မြင်တိုးတက်လာသည်ကို တွေ့မြင်နေရကြောင်း။



ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံခန့်ခွဲမှုကဏ္ဍမှ ပံ့ပိုးဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)



မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက နယ်စပ်ဒေသများတွင် မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

သို့ရာတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖွံ့ဖြိုးတိုးတက်မှု ဆူကြုံနိမ့်မြင့်ကွာဟမှုကျဉ်းမြောင်းပပျောက်သွားစေရအောင် ဆောင်ရွက်မည်ဆိုသည့် ရည်မှန်းချက်ကို မျက်ခြည်မပြတ်စေဘဲ ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်မြှင့်တင်ပေးရန် လိုအပ်နေသေးသည့်နယ်စပ်ဒေသများတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေးကဏ္ဍများတွင် အထိုက်အလျောက်ကွာဟနေသေးသော ဒေသများ၌ ပိုမိုအားစိုက်ပြီးဆောင်ရွက်သင့်သည်များကို ဆောင်ရွက်သွားကြရန် လိုကြောင်း။

## တပေါင်းတစည်းတည်းဖြစ်လာမည်

နယ်စပ်ဒေသများဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖွံ့ဖြိုးတိုးတက်မှုမှာ တစ်ဆက်တစ်စပ်တည်းဖြစ်ထွန်းလာပြီး တိုင်းရင်းသားလူမျိုးများအားလုံးသည်လည်း တပေါင်းတစည်းတည်း ဖြစ်လာမည်ဖြစ်ကြောင်း။



နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီ အတွင်းရေးမှူး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီအစည်းအဝေး အမှတ်စဉ်(၂/၂၀၀၄) အစည်းအဝေးတွင် လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေး တင်ပြစဉ်။ (သတင်းစဉ်)

## အလေးအနက်ထားဆောင်ရွက်

သို့ဖြစ်၍ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ငွေကြေးအကျိုးအမြတ် အမြတ်အစွန်းကို အဓိကမထားဘဲ နယ်စပ်ဒေသများနှင့် နယ်စပ်ဒေသနေ တိုင်းရင်းသားလူမျိုးများအားလုံး ညီညွတ်မျှတစွာ ဖွံ့ဖြိုးတိုးတက်စေရေး ရည်မှန်းချက် အောင်မြင်ပြည့်မြောက်ရေးကိုသာ အလေးအနက်ထားဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။



သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က ရွှေ့ပြောင်းတောင်ယာစနစ်ကြောင့် ဖြစ်ပေါ်လာသည့် ပြုန်းတီးသစ်တောများကို စနစ်တကျ ပြုစုထိန်းသိမ်းခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ယခုအခါတွင် ပွင့်လင်းရာသီရောက်လာပြီဖြစ်သည်နှင့်အညီ ဆောင်ရွက်ဖွယ်ရာလုပ်ငန်းများ၊ ဆောင်ရွက်ပေးသင့်သည့်လုပ်ငန်းများကို အားစိုက်ခွန်စိုက် ဆောင်ရွက်သွားကြရန် တစ်ဆက်တည်း မှာကြားလိုကြောင်း။

တစ်နှစ်ချင်း၊တစ်နှစ်ချင်း ဖွံ့ဖြိုးတိုးတက်မှုဆင့်ပွားတိုးတက်ဖြစ်ထွန်းလာစေရအောင် စဉ်ဆက်မပြတ် ဆက်တိုက်ဆောင်ရွက်ပေးသွားပါမှ တစ်နိုင်ငံလုံး ဖွံ့ဖြိုးတိုးတက်မှုမှာ တစ်ဆက်တစ်စပ်တည်းဖြစ်ထွန်းလာမှာဖြစ်ပြီး တိုင်းရင်းသားလူမျိုးများလည်း တပေါင်းတစည်းတည်း ပေါင်းစည်းမိလာမှာဖြစ်ကြောင်း။

## ညှိနှိုင်းပေါင်းစပ်ကြိုးပမ်း

ထို့ကြောင့် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာနသာမက ဆက်စပ်ဆက်နွှယ်သော ဝန်ကြီးဌာနများအားလုံးက တက်ညီလက်ညီညှိနှိုင်းပေါင်းစပ်ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

*စာမျက်နှာ ၅ ကော်လံ ၁*

# အခြေခံအဆောက်အအုံများတည်ဆောက်ပေးသလို မူးယစ်ဆေးဝါးပပျောက်ရေးစီမံကိန်းချမှတ်ဆောင်ရွက်မှုကြောင့် နယ်စပ်ဒေသများတွင်လူမှုစီးပွားရေးပိုမိုတိုးတက်လာပြီး မူးယစ်ဆေးဝါးစိုက်ပျိုးမှု သိသိသာသာလျော့နည်းလာ

**စာမျက်နှာ ၄ မှ**

ယင်းသို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ မှန်ကန်သောလမ်းကြောင်းမှန်ပေါ်တွင် မှန်ကန်စွာ ကြိုးပမ်းဆောင်ရွက်ပေးသွားကြရန်လည်းလိုကြောင်း။

## တက်ညီလက်ညီကြိုးပမ်း

နိုင်ငံတော်အတွက် ရေရှည်အကျိုးဖြစ်ထွန်းစေရေး၊တိုင်းရင်းသားချစ်ကြည်ရင်းနှီးမှု တိုးပွားခိုင်မာစေရေးတို့အတွက် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ယနေ့ထက်မနက်ဖြန်တွင် ပိုမိုတိုးတက်စေရအောင် မှန်ကန်သောနည်းလမ်းများဖြင့် တက်ညီလက်ညီ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် ပဏာမပြောကြားသည်။

ထို့နောက် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီအတွင်းရေးမှူး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဆွေးနွေးတင်ပြရာတွင် ဗဟိုကော်မတီအစည်းအဝေးများက ချမှတ်လမ်းညွှန်ပေးခဲ့သည့် မူဝါဒပိုင်းဆိုင်ရာကိစ္စရပ်များကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ၏ ကြီးကြပ်မှုနှင့် လုပ်ငန်းဆပ်ကော်မတီများ၊ ဒေသဆိုင်ရာလုပ်ငန်းကော်မတီများက နယ်စပ်ဒေသများရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့် ဟန်ချက်ညီ ပူးပေါင်းအားထုတ် ဆောင်ရွက်ခဲ့သဖြင့် ယနေ့နယ်စပ်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများသည် အချိန်တိုအတွင်းတွင် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း။

## မူးယစ်ဆေးဝါး စိုက်ပျိုးမှုလျော့နည်း

ဗဟိုကော်မတီဥက္ကဋ္ဌ၏ မူဝါဒလမ်းညွှန်ချက်များနှင့်အညီ ဖွံ့ဖြိုးမှုနောက်ကျကျန်ခဲ့သည့် နယ်စပ်ဒေသများ၌ စီးပွားရေးအခြေခံအဆောက်အအုံဖြစ်သည့် လမ်းတံတားကဏ္ဍ၊ စွမ်းအင်ကဏ္ဍနှင့် ဆက်သွယ်ရေးလုပ်ငန်းကဏ္ဍများ၊ လူမှုရေးဆိုင်ရာ အခြေခံအဆောက်အအုံဖြစ်သည့် ပညာရေး၊ ကျန်းမာရေး၊ ပြည်သူ့ဆက်ဆံရေးကဏ္ဍများ၊ ကုန်ထုတ်လုပ်မှုအခြေခံလုပ်ငန်းများဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သတ္တုရှာဖွေတူးဖော်ရေးနှင့် သစ်တောလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် တည်ဆောက်ပေးနေသကဲ့သို့ တစ်ဖက်ကလည်း မူးယစ်ဆေးဝါးပပျောက်ရေးအတွက် စီမံကိန်းများရေးဆွဲချမှတ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းသို့ ဆောင်ရွက်ပေးနေမှုကြောင့် အချို့သော နယ်စပ်ဒေသများတွင် လူမှုစီးပွားရေးအခြေအနေများ မျှော်မှန်းသည်ထက် ပိုမိုတိုးတက်ဖြစ်ထွန်းလာပြီး မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ်မှုသည်လည်း သိသိသာသာလျော့နည်းလာကြောင်း တွေ့ရှိရပါကြောင်း။

၁၉၈၉ခုနှစ်မှစတင်ပြီး ယနေ့အထိ နယ်စပ်ဒေသအသီးသီး၌ ဆောင်ရွက်ပေးခဲ့ပြီးဖြစ်သည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အကျဉ်းချုံးတင်ပြရလျှင် လမ်းတံတားကဏ္ဍအနေဖြင့် ဖွံ့ဖြိုးတိုးတက်မှုနောက်ကျနေသည့် နယ်စပ်ဒေသများ၏ အဓိကလိုအပ်ချက်ဖြစ်သည့် လမ်းတံတားတည်ဆောက်ရေးလုပ်ငန်းများကို အထူးဦးစားပေးဆောင်ရွက်ခဲ့ရာတွင် မြေလမ်း ၃၀၉၃မိုင်၊ ကျောက်ခင်း



နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ အစည်းအဝေး အမှတ်စဉ် (၂/၂၀၀၄) အစည်းအဝေးတွင် အခမ်းအနားမှူး အဖြစ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ရုံးညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်းက ဆောင်ရွက်စဉ်။ (သတင်းစဉ်)

လမ်း ၁၈၆၁မိုင်၊ ကတ္တရာလမ်း ၃၂၆မိုင်၊ လမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ၃၁၆၂မိုင်၊ တံတားကြီး ၄၇စင်း၊ တံတားငယ် ၆၉၆စင်းနှင့် ကြိုးတံတား ၁၆စင်းတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ အဓိကကျသည့် နေရာဒေသများ၌ ရာသီမရွေးသွားလာနိုင်သည့် လမ်းများဖြစ်လာအောင် ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် နယ်စပ်ဒေသနှင့် အတွင်းပိုင်းဒေသများ အလွယ်တကူဆက်သွယ်သွားလာနိုင်ပြီး ချစ်ကြည်ရင်းနှီးမှု၊ ကုန်စည်ကူးသန်းမှု ပိုမိုဖြစ်ထွန်းကာ ဒေသဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကောင်းများ ရခဲ့ခြင်းဖြစ်ပါကြောင်း။

စွမ်းအင်ကဏ္ဍအနေဖြင့် နယ်စပ်မြို့ ရှစ်မြို့၌ အငယ်စားနှင့်အလတ်စားရေအားလျှပ်စစ်စက်ရုံများ တည်ဆောက်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ခဲ့ပြီး မြို့/ရွာ ၁၉၀မှာလည်း မီးစက်၂၅၆လုံး တပ်ဆင်ပေးခြင်းအားဖြင့် မြို့/ရွာလျှပ်စစ်မီးရရှိခဲ့သည့်အပြင် အသေးစားကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း၊ ဒေသခံတိုင်းရင်းသားများကလည်း ကိုယ့်အားကိုယ်ကိုး ရေအားလျှပ်စစ်အငယ်စား၊ အလတ်စားများဆောင်ရွက်နေသဖြင့် လူနေမှုအဆင့်အတန်းများစွာ မြင့်မားလာသည်ကို တွေ့မြင်နေရပြီဖြစ်ပါကြောင်း။

ဆက်သွယ်ရေးလုပ်ငန်းကဏ္ဍအနေဖြင့် စာတိုက် ၄၇ခု၊ ကြေးနန်းရုံး ၄၂ရုံး၊ တယ်လီဖုန်းလုပ်ငန်းပေါင်း ၈၀တို့ကို တည်ဆောက်ပေးနိုင်သည့်အတွက် နယ်စပ်ဒေသ လူမှုရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးလုပ်ငန်းများ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေခဲ့ပါကြောင်း။

ပညာရေးကဏ္ဍအနေဖြင့် နယ်စပ်ဒေသအသီးသီးတွင် အထက ၇၂ကျောင်း၊ အလက ၆၁ကျောင်း၊ အမက ၆၅၇ကျောင်း တိုးချဲ့ဆောက်လုပ်ဖွင့်လှစ်ပေးခဲ့သဖြင့် ယခုစာသင်နှစ်တွင် အထက်တန်းကျောင်းသား ၇၃၈၁ဦး၊ အလယ်တန်းကျောင်းသား ၃၂၀၃၆ဦးနှင့် မူလတန်းကျောင်းသား ၆၉၂၀၄ဦး စုစုပေါင်း ကျောင်းသား ၁၀၈၆၂၁ဦး ပညာသင်ကြားလျက်ရှိပါကြောင်း၊



နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီတွဲဖက်အတွင်းရေးမှူး နယ်စပ်ဒေသနှင့်တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီ အစည်းအဝေး အမှတ်စဉ်(၁/၂၀၀၄)၏ဆုံးဖြတ်ချက်များ အကောင်အထည်ဖော်နိုင်မှုများနှင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

၁၉၈၉ခုနှစ်နှင့်နှိုင်းစာလျှင် နယ်စပ်ဒေသကျောင်းသား အင်အားသည် အဆ ၇၀ခန့် တိုးပွားလာသည်ကို အားရဖွယ်မြင်တွေ့ရပြီဖြစ်ပါကြောင်း။

ပြည်သူ့ဆက်ဆံရေးကဏ္ဍအနေဖြင့် နယ်စပ်ဒေသအသီးသီးတွင် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ ၉၈ရုံကို တည်ဆောက်ပေးနိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ ယင်းသို့ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် နိုင်ငံတော်တစ်ဝန်း ဆောင်ရွက်နေသည့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် နိုင်ငံတော်၏ အေးချမ်းတည်ငြိမ် ဖွံ့ဖြိုးတိုးတက်နေသည်ကို နယ်စပ်ဒေသနေ တိုင်းရင်းသားညီအစ်ကိုများ သိရှိလေ့လာခွင့်ရရှိခဲ့ပြီး စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာ အထောက်အကူဖြစ်စေလျက်ရှိပါကြောင်း။

ကျန်းမာရေးကဏ္ဍအနေဖြင့် နယ်စပ်ဒေသများတွင် ဆေးရုံ ၅၇ရုံ၊ ကျေးလက်ကျန်းမာရေးဌာန ၃၅ခု၊ နယ်စပ်ဆေးပေးခန်း ၈၀၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၆၄ခုထိ တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခဲ့ပါကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းကဏ္ဍအနေဖြင့် နယ်စပ်ဒေသများတွင် စိုက်ပျိုးရေးရုံး ၃၁ရုံး၊ စိုက်ပျိုးရေးစခန်း ၁၁၇ခု၊ တည်ဆောက်ဆဲနှင့် တည်ဆောက်ပြီး ဆည် ၄၆ခု၊ တိုင်းတာပြီးဆည် ၁၇ခု၊ တူးမြောင်း ငါးခုနှင့် ထွန်စက်စခန်း ၁၁ခု တို့ကို ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် ဒေသရိက္ခာဖူလုံရေးအတွက် များစွာ အထောက်အကူဖြစ်စေသည့်အပြင် စီးပွားဖြစ်သီးနှံများ စိုက်ပျိုးရေးကိုပါ အခွင့်အလမ်းကောင်းများ ဖန်တီးပေးနိုင်ခဲ့ပါကြောင်း။

မွေးမြူရေးလုပ်ငန်းကဏ္ဍအနေဖြင့် မွေးမြူရေးခြံ ၁၉ခြံ၊ တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးရုံး ၄၁ရုံးတို့ကို ဖွင့်လှစ်ပေးခဲ့ပြီး နွားနှင့်မြည်းမျိုးကောင်း ၁၁၁ကောင်တို့ကိုလည်း ဖြန့်ဖြူးပေးနိုင်ခဲ့ပါကြောင်း။

## ပူးပေါင်းဆောင်ရွက်

သစ်တောလုပ်ငန်းကဏ္ဍအနေဖြင့် သစ်တောပျိုးဥယျာဉ်ခုနစ်ခု၊ သတ်မှတ်ပြီး ကြိုးဝိုင်းသစ်တော လေးခု၊ စီစဉ်ဆဲကြိုးဝိုင်းသစ်တော လေးခု၊ သစ်စက် ၁၂ခုတို့ကို ထူထောင်ပေးခဲ့ပြီး သစ်တောထွက်ပစ္စည်းများ လုံလောက်စွာ ထုတ်ယူသုံးစွဲနိုင်ရေး၊ သစ်တောပြုန်းတီးမှု ဟန့်တားရေးတို့ကို ဒေသခံ တိုင်းရင်းသားများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိနေပြီဖြစ်ပါကြောင်း။

သတ္တုကဏ္ဍအနေဖြင့် နယ်စပ်ဒေသ သတ္တုသိုက်များ ရှာဖွေဖော်ထုတ်ရေး၊ စီးပွားဖြစ်တွေ့ရှိသည့် သတ္တုသိုက်များအား စနစ်တကျ တူးဖော်ရေး၊ သတ္တုကဏ္ဍမှနယ်စပ်ဒေသတိုင်းရင်းသားများ အလုပ်အကိုင်အခွင့်အလမ်း ပေါ်ပေါက်လာရေး ဦးတည်ချက်များဖြင့် ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိရာ အချို့ဒေသများတွင် စီးပွားဖြစ်သတ္တုထုတ်လုပ်မှုများ ဆောင်ရွက်နိုင်လျက်ရှိနေပြီဖြစ်ပါကြောင်း၊ ယင်းကဲ့သို့ အခြေခံကောင်းများရရှိအောင် ၁၉၈၉ခုနှစ်မှ ယနေ့အထိ နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေက ကျပ် ၃၀၈၅၆သန်း၊ ဝန်ကြီးဌာန အသီးသီးက ကျပ် ၂၉၄၂၂သန်း စုစုပေါင်းကျပ် ၆၀၂၇၉သန်း သုံးစွဲဆောင်ရွက်ခဲ့ပါကြောင်း။

## အရှိန်အဟုန်ရရှိနေပြီ

တောင်ပေါ်ဒေသတိုင်းရင်းသားများ ဘဝတည်ငြိမ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရွှေ့ပြောင်းတောင်ယာစနစ်မှ ကုန်းမြင့်လယ်ယာစနစ်သို့ ပြောင်းလဲရေးကို ၂၀၀၃-၂၀၀၄ခုနှစ်က စတင်ပြီး (၁၀)နှစ်စီမံကိန်းနှင့် ဧက ၁၁၁၉၀၀ ဖော်ထုတ်ရန် ဆောင်ရွက်လျက်ရှိရာတွင် ယခုအချိန်ထိ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် မကွေးတိုင်း ကျောက်ထုဒေသတို့၌ ကုန်းမြင့်လယ်ယာ ၁၁၆၅၉ ဧက ဖော်ထုတ်ပြီးဖြစ်၍ အရှိန်အဟုန်ရရှိနေပြီ ဖြစ်ပါကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ နယ်စပ်ဒေသများမှ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးသည့် တိုင်းရင်းသားလူငယ်များ မွေးထုတ်ပေးနိုင်အောင် နယ်စပ်ဒေသအသီးသီး၌ တိုင်းရင်းသားလူငယ်ဖွံ့ဖြိုးရေးသင်တန်းကျောင်းပေါင်း၂၆ကျောင်းနှင့် အမျိုးသမီးအိမ်တွင်းမှု ပညာသင်တန်းကျောင်း ၁၈ကျောင်း၊ ရန်ကုန်နှင့်မန္တလေးတွင် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်နှစ်ခု အသီးသီး ဖွင့်လှစ်ပျိုးထောင်ပေးလျက်ရှိပါကြောင်း။

ယခုဆိုလျှင် ရန်ကုန်နှင့်မန္တလေး ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်များမှ တိုင်းရင်းသားလူငယ်၂၅၆ဦးကို ဘွဲ့ဒီဂရီရရှိအောင် ပြုစုပျိုးထောင်ပေးနိုင်ခဲ့ပြီး ယခုပညာသင်နှစ်တွင်လည်း တိုင်းရင်းသားလူငယ် ၅၅၂ဦးကို ဝိဇ္ဇာ၊သိပ္ပံနှင့် AGTI ပညာရပ်များ သင်ကြားပေးလျက်ရှိပါကြောင်း။

## ဆောင်ရွက်ပေး

အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းများနှင့်ပတ်သက်၍ နယ်စပ်ဒေသအမျိုးသမီးငယ်များ တစ်ဖက်နိုင်ငံကို သွားရောက်အလုပ်လုပ်ကြသည့်အခါ အကျင့်စာရိတ္တပျက်ပြားမှု၊ လူမှုရေးအရ နစ်နာမှုမဖြစ်စေရန် အဓိကရည်ရွယ်ပြီး နယ်စပ်ဒေသအသီးသီးတွင် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ ဖွင့်လှစ်ပျိုးထောင်ပေးလျက်ရှိရာ နယ်စပ်ဒေသများတွင် ဖွင့်လှစ်ပြီးသော ၁၈ကျောင်းမှ ယနေ့အထိ နယ်စပ်ဒေသတိုင်းရင်းသူ အမျိုးသမီးငယ် ၁၃၄၁၅ ဦးအား အိမ်တွင်းမှုသက်မွေးပညာရပ်များ သင်ကြားလေ့ကျင့်ပေးနိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ဗဟိုကော်မတီဥက္ကဋ္ဌက ချမှတ်ပေးထားသည့် ရည်ရွယ်ချက်(၅)ရပ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် **"နယ်စပ်ဒေသစီးပွားရေးလုပ်ငန်းများ ထူထောင်ပေးခြင်းဖြင့် မူးယစ်ဆေးဝါးစိုက်ပျိုးမှု လုံးဝချုပ်ငြိမ်းစေရန်"** ဆိုသည့် ရည်ရွယ်ချက်တစ်ရပ်ကိုလည်း မူဝါဒအနေဖြင့် ပါရှိပါကြောင်း၊ ထို့ကြောင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လမ်းပန်းဆက်သွယ်ရေးခက်ခဲသော ဘိန်းစိုက်ပျိုးရာဒေသများ၏ လူမှုစီးပွားရေးအခြေခံအဆောက်အအုံများကို ဦးစားပေးတည်ဆောက်ပေးခဲ့ပါကြောင်း၊ စာရင်းဇယားများအရကြည့်မည်ဆိုလျှင် နယ်စပ်ဒေသဖွံ့ဖြိုးရေးအတွက် သုံးစွဲခဲ့သည့် ရန်ပုံငွေစုစုပေါင်း၏ ၇၉ဒသမ၅ရာခိုင်နှုန်းကို မူးယစ်ဆေးဝါးပပျောက်ရေးစီမံကိန်းနှင့် ဆက်စပ်နေသော ဒေသများတွင် သုံးစွဲဆောင်ရွက်ပေးခဲ့သည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။

**စာမျက်နှာ ၁၁ ကော်လံ ၁ သို့**



လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်က ကုန်းမြင့်ဒေသ လယ်ယာမြေစနစ်ဖော်ထုတ်အကောင်အထည်ဖော်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်း တင်ပြစဉ်။ (သတင်းစဉ်)

**ဆွေစဉ်မျိုးဆက်ဖွံ့ ဖြိုးတိုးတက်စေရေး လူ့စွမ်းအားအရင်းအမြစ်များပြုစုပျိုးထောင်ပေး**

ဒေသခံ တိုင်းရင်းသားပြည်သူများ၏ စားဝတ်နေရေး ပြည့်စုံဖူလုံရေးမှသည် လူနေမှုဘဝ အဆင့်အတန်း တိုးတက်မြင့်မားလာစေရအောင် စိုက်ပျိုးရေး၊ မွေးမြူ ရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆက်စပ်ဆောင်ရွက်ပေးမည်။

မျိုးဆက်တစ်ဆက်မှ တစ်ဆက်သို့ ဆွေစဉ်မျိုးဆက် ဖွံ့ဖြိုးတိုးတက်စေရေးနှင့် လူနေမှုဘဝ အဆင့်အတန်း ဆက်လက်တိုးတက်မြင့်မားစေရေးအတွက် ရေရှည်ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းနေစေရအောင် နယ်စပ်ဒေသများ၌ လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ပေးကြရန် မှာကြားလို။





**နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း စလင်းမြို့နယ် တညောင်ကျေးရွာအုပ်စု လေသာကုန်းကျေးရွာအနီး အကောင်အထည်ဖော် ဆောင်ရွက်နေသည့် တညောင်လျှပ်စစ်မြစ်ရေတင်စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)

### ❐ ကျောဖုံးမှ

နိုင်ငံတော် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များအား မကွေးလေဆိပ်တွင် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်ရဲမြင့်၊ အမှတ် (၈၈)ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးချုပ် အောင်သန်းထွင့်၊ မကွေးတပ်နယ်မှ ဗိုလ်မှူးချုပ် ဌေးအောင်၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် တပ်မတော် အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

### ပွင့်ဖြူအထည်စက်ရုံရောက်ရှိ

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့ လိုက်ပါလျက် ပွင့်ဖြူမြို့နယ် လယ်ကိုင်း–ပွင့်ဖြူကားလမ်းဘေး ပွင့်ဖြူမြို့မှ နှစ်မိုင်ခန့်အကွာ ကန်သာကြီးကျေးရွာအနီး အကောင်အထည်ဖော်လျက်ရှိသည့် အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း၏ ပွင့်ဖြူချည်မျှင်နှင့် အထည်စက်ရုံ(စီမံကိန်း)သို့ ရဟတ်ယာဉ်ဖြင့် ရောက်ရှိကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် စီမံကိန်းအရ တပ်ဆင်ပြီးစီးသည့်စက်များအနက် ဝါဖန်ဝါလိပ်စက် သုံးစုံ စက်စမ်းသပ်လည်ပတ်နေမှုများကိုလည်းကောင်း၊ ကုန်ကြမ်းဝါလိပ်နှင့် ကုန်ချောဗိုင်းတောင့်တို့ နမူနာပြသထားမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

### ရှင်းလင်းပြသ

ဆက်လက်၍ ဗိုင်းတောင့်စက်၊ အပင်ပေါင်းစက်၊ တညင်းလုံးစက်၊ ချည်ငင်စက်၊ ချည်ကတော့စက်တို့ စက်စမ်းသပ်လည်ပတ်နေမှုများ၊ စက်အလိုက်အသုံးပြုသည့် ကုန်ကြမ်းများနှင့် ထွက်ရှိလာသည့် ကုန်ချောနမူနာများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြရာ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သိန်းထွန်းနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် စင် ၆၀၀ပါလွန်းမဲ့ ရက်ကန်းစက်များကို ကြည့်ရှုစစ်ဆေးကြပြီး ပိတ်စစ်စက်၊ ပိတ်ခေါက်စက်လုပ်ငန်းများကိုလည်း ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ မြန်မာ့အထည်အလိပ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဦးသိန်းမောင်က ပွင့်ဖြူချည်မျှင်နှင့် အထည်စက်ရုံ (စီမံကိန်း) မြေပုံကားချပ်၊ စက်ရုံ အဆောက်အအုံများ ဖွဲ့စည်းတည်ဆောက်ထားမှု၊ စက်ရုံဧရိယာအတွင်း စိမ်းလန်းစိုပြည်သာယာလှပရေး ဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သိန်းထွန်းက စက်ရုံအတွက် ဝါဂွမ်းလိုအပ်ချက်နှင့် ဝါစိုက်ဧက အခြေအနေများကို ရှင်းလင်းတင်ပြသည်။

### ဝါကုန်ကြမ်းရရှိရေး

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က စက်ရုံအတွက် အရည်အသွေး ကောင်းမွန်သည့် ဝါကုန်ကြမ်း ရရှိရေးဆိုင်ရာကိစ္စများကို မေးမြန်းပြီး လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ရှင်းလင်းဆောင်၌ ဒုတိယဝန်ကြီးက ပွင့်ဖြူချည်မျှင်နှင့် အထည်စက်ရုံ(စီမံကိန်း) အကောင်အထည် ဖော်ရသည့် ရည်ရွယ်ချက်၊ တည်ဆောက်ရေး လုပ်ငန်းများစတင်ဆောင်ရွက်ခဲ့မှုနှင့် ပြီးစီးမှု၊ စက်များတပ်ဆင်ပြီးစီးမှုနှင့် စက်များ၏ထုတ်လုပ်မှုစွမ်းအားများ၊ ကုန်ကြမ်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

### ဝန်ထမ်းအင်အားတင်ပြ

ဆက်လက်၍ ဦးဆောင်ညွှန်ကြားရေးမှူးက အမှတ်(၁) စက်မှုဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် ဒေသအလိုက် ချည်မျှင်ရှည်ဝါ စိုက်ပျိုးရေး ဆောင်ရွက်နေမှုများ၊ စက်ရုံအတွက်လျှပ်စစ်ဓာတ်အား၊ သဘာဝဓာတ်ငွေ့နှင့် ရေရရှိရေး ဆောင်ရွက်ပြီးစီးမှုများ၊ စက်စမ်းသပ်လည်ပတ်နေမှုများနှင့်ဝန်ထမ်းအင်အားအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က စက်ရုံစီမံကိန်း၏ ရည်မှန်းချက်များကို လက်တွေ့ထိရောက်စွာ အကောင်အထည်ဖော်နိုင်အောင် စေတနာထား၍ ကြိုးကြိုးစားစား ကြပ်မတ်ကွပ်ကဲသွားကြရေး၊ အဓိကလိုအပ်သည့် ဝါကုန်ကြမ်းအပြည့်အဝ ရရှိရေးအတွက် စီမံချက်ချပြီး စိုက်ပျိုးထုတ်လုပ်ရေး၊ အရည်အသွေးမီ အဆင့်အတန်းမီ သွင်းကုန် အစားထိုးနိုင်သည့် စက်ရုံအဖြစ် ပီပြင်စွာရပ်တည်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းမှာကြားသည်။

### သစ်သီးခြင်းပေးအပ်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည်တရုတ်ပြည်သူ့သမ္မတနိုင်ငံ Tianjin Machinery Import & Export Corporation မှ တာဝန်ရှိသူများအား သစ်သီးခြင်း လက်ဆောင်ပေးအပ်သည်။

ပွင့်ဖြူချည်မျှင်နှင့် အထည်စက်ရုံ (စီမံကိန်း)ကို ပြည်တွင်းလိုအပ်ချက်အား ဖြည့်ဆည်းပေးရန်နှင့် သွင်းကုန်အစားထိုး ဆောင်ရွက်နိုင်ရန် ဒေသဖွံ့ဖြိုးတိုးတက်ပြီး လူနေမှု အဆင့်အတန်း ပိုမိုမြင့်မားလာစေရန်၊ အလုပ်အကိုင် အခွင့်အလမ်းသစ်များ ပေါ်ပေါက်လာစေရန်၊ ခေတ်မီစက်ကိရိယာများ တပ်ဆင်အသုံးပြု၍ နည်းပညာပိုင်းဆိုင်ရာ မြင့်မားလာစေရန်ဟူသည့် ရည်ရွယ်ချက်များဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်သည်။



**နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ချောက်–လမ်းရွာ ရေနံမြေတွင်းအမှတ်(၁၁၅၄) တူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)

စက်များ တပ်ဆင်ပြီးစီး၍ စက်စမ်းသပ်လည်ပတ်လျက်ရှိပြီး ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလတွင် ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

### တညောင်လျှပ်စစ်မြစ်ရေတင်စီမံကိန်း

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပွင့်ဖြူချည်မျှင်နှင့် အထည်စက်ရုံ(စီမံကိန်း) ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးပြီး စလင်းမြို့နယ် တညောင်ကျေးရွာအုပ်စု လေသာကုန်းကျေးရွာအနီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန၏ တညောင်လျှပ်စစ် မြစ်ရေတင်စီမံကိန်းသို့ ရောက်ရှိကြသည်။

ရှေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက တညောင်လျှပ်စစ်မြစ်ရေတင် စီမံကိန်းကို စပါးနှင့်အခြား သီးနှံစုစုပေါင်း ဧက ၁၅၀၀၀အတွက် ဧရာဝတီမြစ်မှ ရေစုပ်တင် ပေးဝေနိုင်ရန် ရည်ရွယ်၍ စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း။

ဧရာဝတီမြစ်ရေကို ရေတင်အမြင့်ပေ အများဆုံး ၆၂ ပေ၊ အနည်းဆုံး ၃၅ပေဖြင့် ပေးဝေသွားမည်ဖြစ်ပါကြောင်း၊ အနက် ရှစ်ပေ၊ အကျယ် ရှစ်ပေရှိ ပင်မမြောင်း အရှည်ပေ ၄၈၅၀၀နှင့် အနက်လေးပေ၊ အကျယ်လေးပေရှိ လက်တံမြောင်း ၁၂ခု အရှည်ပေ ၈၅၀၀၀ ရှိပါကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရွှေက စီမံကိန်း လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်မှုနှင့် ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

### ဖြည့်စွက်မှာကြား

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က ရေပေးဝေရန် အုတ်စီမြောင်း၌ ဘိလပ်မြေနှင့် သဘာဝပိုဒိုလန် ရောစပ်၍ လိုင်နင်ကျောက်ပြားများ ပြုလုပ်စီထားမည့် အခြေအနေနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက ဒေသ၏ စိုက်ပျိုးရေးဆိုင်ရာကိစ္စများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ဖြည့်စွက်မှာကြားသည်။

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားပြီး မြစ်ရေတင်နိုင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

တညောင် လျှပ်စစ်မြစ်ရေတင် စီမံကိန်းမှရေဖြင့် ယခုနွေရာသီတွင် နွေစပါးဧက ၂၀၀၀နှင့်ဝါဧက ၂၀၀၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် တညောင် လျှပ်စစ်မြစ်ရေတင်စီမံကိန်းမှ ရဟတ်ယာဉ်ဖြင့် ချောက်မြို့သို့ ရောက်ရှိကြပြီး ထိုမှတစ်ဆင့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ချောက်–လမ်းရွာ ရေနံမြေသို့ ရောက်ရှိကြသည်။

ရှေးဦးစွာ ချောက်–လမ်းရွာ ရေနံမြေ တွင်းအမှတ် (၁၁၅၄)အနီး ယာယီရှင်းလင်းဆောင်၌ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက အလျား ၁၀မိုင်ခန့်နှင့်အနံတစ်မိုင်ခန့် ကျယ်ဝန်းသည့် ချောက်–လမ်းရွာ ရေနံမြေ၏ တည်နေရာ၊ ချောက်–လမ်းရွာ ရေနံမြေနှင့် စပ်လျဉ်းသည့် အချက်အလက်များ၊ ၂၀၀၄–၂၀၀၅ ဘဏ္ဍာရေး နှစ်လအလိုက် နေ့စဉ် ပျမ်းမျှရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့ ထုတ်လုပ်နိုင်မှုများ၊ တွင်းအမှတ် (၁၁၅၄) တူးဖော်နေမှုများ၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရေနံနှင့် သဘာဝ ဓာတ်ငွေ့တူးဖော်ထုတ်လုပ်ရရှိမှုများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များအား ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီက တွင်းအမှတ် (၁၁၅၄) တူးဖော်နေမှုအခြေအနေများကို ရှင်းလင်းပြသသည်။

တွင်းအမှတ်(၁၁၅၄)ကို ၂၀၀၄ စက်တင်ဘာ ၁၅ရက်မှစတင် တူးနေခြင်းဖြစ်သည်။ ပေ ၈၀၀၀ အနက် တူးမည်ဖြစ်ရာ ယနေ့အထိ ၆၀၄၃ပေ တူးပြီးဖြစ်သည်။

*စာမျက်နှာ ၁၀ ကော်လံ ၁*

# မြန်မာနိုင်ငံ၏ စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းပေးလျက်ရှိသည့်
# မြန်မာ့ရေနံမြေနှင့်သဘာဝဓာတ်ငွေ့မြေများ

## ( ၅၇ )နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုကြိုဆို



သဘာဝဓာတ်ငွေ့နှင့် လေဆီများ ထုတ်လုပ်လျက်ရှိသည့်ဧရာဝတီတိုင်းညောင်တုန်းဒေသ ညောင်တုန်း ရေနံနှင့် သဘာဝဓာတ်ငွေ့မြေရှိ ညောင်တုန်းတွင်းသစ်အမှတ် (၁၉)ကို တွေ့ရစဉ်။(ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)

## ကမ်းလွန်ဒေသရေနံမြေ

| စဉ် | အကွက်အမှတ် | ဒေသ | ဖက်စပ်လုပ်ကိုင်သည့်ကုမ္ပဏီ |
|---|---|---|---|
| ၁။ | M-5/M-6 | မုတ္တမကမ်းလွန်ဒေသ | Total/Unocal/PTTEPI/MOGE |
| ၂။ | M-7/ M-9 | မုတ္တမကမ်းလွန်ဒေသ | PTTEPI |
| ၃။ | M-12/ M-13/ M-14 | တနင်္သာရီကမ်းလွန်ဒေသ | Petronas / Nippon Oil / PTTEPI / MOGE |
| ၄။ | M-15 / M-16 / M-17/M-18 | တနင်္သာရီကမ်းလွန်ဒေသ | Petronas |
| ၅။ | A-1 | ရခိုင်ကမ်းလွန်ဒေသ GAIL(India) KOGAS | Daewoo/ ONGC-Viidesh/ |
| ၆။ | A-3 | ရခိုင်ကမ်းလွန်ဒေသ | Daewoo |

## ကုန်းတွင်းရေနံမြေများ

| စဉ် | ရေနံနှင့် သဘာဝဓာတ်ငွေ့မြေ | မြို့နယ် | တိုင်း |
|---|---|---|---|
| ၁။ | ကျောက်ခွက် | မြိုင် | မကွေး |
| ၂။ | လက်ပံတို | ပေါက် | မကွေး |
| ၃။ | အရာတော် | ပခုက္ကူ | မကွေး |
| ၄။ | ချောက် | ချောက် | မကွေး |
| ၅။ | လမ်းရွာ | ပခုက္ကူ | မကွေး |
| ၆။ | ရေနံချောင်း | ရေနံချောင်း | မကွေး |
| ၇။ | မန်း | မင်းဘူး/စကု | မကွေး |
| ၈။ | ရေနံမ | မင်းလှ | မကွေး |
| ၉။ | ဒဟတ်ပယ် | မင်းလှ | မကွေး |
| ၁၀။ | ပက်ပယ် | မင်းလှ | မကွေး |
| ၁၁။ | ထောက်ရှာပင်/ကမ်းနီ | မင်းဘူး/စကု | မကွေး |
| ၁၂။ | ပြရည် | သရက် | မကွေး |
| ၁၃။ | ပြည် | ပြည် | ပဲခူး |
| ၁၄။ | မြန်အောင် | မြန်အောင် | ဧရာဝတီ |
| ၁၅။ | ရွှေပြည်သာ | မြန်အောင် | ဧရာဝတီ |
| ၁၆။ | အဖျောက် | ဇလွန် | ဧရာဝတီ |
| ၁၇။ | ညောင်တုန်း | ညောင်တုန်း | ဧရာဝတီ |
| ၁၈။ | သာကြီးတောင်/စပယ် | ပေါက် | မကွေး |

မြန်မာ့ကမ်းလွန်ဒေသမှ ရေနံနှင့်သဘာဝဓာတ်ငွေ့များ ရှာဖွေဖော်ထုတ်လျက်ရှိသည့် ရခိုင်ကမ်းလွန်ဒေသလုပ်ကွက်အမှတ် **A-1** ရွှေအစမ်းတွင်းကို ဝေဟင်မှတွေ့ရစဉ်။

(ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)





# (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အကြို ဂုဏ်ပြုဆောင်းပါးနှင့် မှတ်တမ်းဓာတ်ပုံ



ကလည်း မသေးလှပေ။ နယ်ချဲ့တို့က တစ်ဖက်တွင် စီးပွားရှာ အမြတ်ထုတ်ရင်း မြန်မာအပါအဝင် အာရှကို ဘိန်းဇာတ်သွင်းခဲ့သည်။ အင်္ဂလိပ်နယ်ချဲ့နှင့် နောက်တိုး တရုတ်ဖြူ၊ ၎င်းတို့၏ ကြိုးကိုင်ဆရာ အမေရိကန် စီအိုင်အေတို့၏ မူးယစ်ဆေးဝါး အမွေဆိုးကို တိုင်းရင်းသားများက လက်တွဲဖယ်ရှားနေကြရသည်။ မီဒီယာများ၌ မပြတ်ဖော်ပြသည့်အတိုင်း ကုလသမဂ္ဂ တဖွဖွ ဂုဏ်တင်ချီးကျူးနေသည့်အတိုင်း မူးယစ်ဆေးဝါးကိုထိရောက်စွာ ဖယ်ရှားပစ်နိုင်နေပြီဖြစ်သည်။ ယခုအခါ နယ်စပ်ဒေသအချို့ကို မူးယစ်ဆေးဝါးလုံးဝကင်းစင်သောဒေသအဖြစ် ကြေညာနိုင်ခဲ့ပြီဖြစ်သည်။ အစားထိုးသီးနှံစိုက်ပျိုးရေး၊ အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းတို့ဖြင့် အားသွန်ကြိုးပမ်းလျက်ရှိရာ ၁၅ နှစ် စီမံကိန်းကာလ နောက်ဆုံးနှစ် ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးလုံးဝ

**နယ်ချဲ့ကို ရွပ်ရွပ်ချွံချွံ တွန်းလှန်တိုက်ခိုက်ခဲ့သည့် သာယာဝတီမြို့နယ် အလံတောင်ရွာမှ နယ်ချဲ့ဆန့်ကျင်ရေး မျိုးချစ်တောင်သူလယ်သမားကြီးတစ်ဦး။**

ကိုယ့်နိုင်ငံကိုယ်ပြန်ဖျက်၊ ကိုယ့်အမျိုးရေးသစ္စာ ကိုယ်တိုင်ဖောက်၊ ကိုယ့်လွတ်လပ်ရေး ကိုယ်တိုင်နယ်ချဲ့လက်ပြန်အပ်မည့် ပြည်ပြေး၊ ဝရမ်းပြေး၊ အမျိုးသားသစ္စာဖောက်များကို မွေးမြူအသုံးချနေဆဲဖြစ်သည်။ ထိုပြည်ပြေးအဖျက်သမားလက်တစ်ဆုပ်စာသည် နိုင်ငံလူဦးရေ ၅၃သန်းနှင့်နှိုင်းယှဉ်လျှင် နှမ်းတစ်စေ့စာပင်မရှိ။ ထို့ကြောင့် သမိုင်း သင်ခန်းစာကို ဆင်ခြင်သုံးသပ်ပြီး ကိုလိုနီဝါဒီနယ်ချဲ့ လက်သစ်တို့၏ အန္တရာယ်ကို သမိုင်းအစဉ်အလာ ထွန်းပြောင်ခဲ့သည့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုအင်အားဖြင့် အစဉ်သတိပြုကာကွယ်ရင်း အေးချမ်းသာယာပြီးခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီးကို တိုင်းရင်းသားပြည်သူအားလုံးတို့က မဖြစ်မနေ တည်ဆောက်သွားမည်သာဖြစ်ကြောင်း (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ရေးသားတင်ပြလိုက်ရပါသည်။ ။

## ...ကာကွယ်၊ ညီညွတ်မှုဖြင့် ခေတ်မီနိုင်ငံတော်တည်ဆောက်

ကျော်ဇင်ညွန့်
(ဗဟိုတရားရုံးရှေ့နေ)

...င် တိုင်းရင်းသားခေါင်းဆောင်များ ညီလာခံကြသည်။ ...က ပိုင်းစိတ်ပေးသော မြေပြန့်လွတ်လပ်ရေးကို မလိုလား၊ မြေပြန့် မြန်မာ့နယ်နိမိတ်တစ်ခုလုံး အကျုံးဝင်သည့် ...င်စုမြန်မာနိုင်ငံ လွတ်လပ်ရေးကို တိုင်းရင်းသား ...လျှောက် ဆုံးဖြတ်ရယူခဲ့ကြသည့် ညီလာခံဖြစ်သည်။ ...န်မှရောက်လာသော ဗြိတိသျှကိုလိုနီဆိုင်ရာ အတွင်းဝန် ...လေ၊ ရန်ကုန်ရှိ ဗြိတိသျှတောင်တန်းဒေသဆိုင်ရာ ...ဦး စတီဗင်ဆင်တို့လည်း ပင်လုံသို့ ခါတော်မီ ရောက် ...လုံညီလာခံမအောင်မြင်အောင်၊ မြေပြန့်ကိုသာ ကွက်ပြီး ...ရးပေးကာ တောင်တန်းဒေသအားလုံးကို ဗြိတိသျှ တို့ ...က်ဆက်ထားနိုင်ရန် အစွမ်းကုန်သွေးခွဲ သပ်လျှိုခဲ့ ... လန်ဒန်မှ ဗြိတိသျှအာဏာပိုင်တို့ကလည်း ၎င်းတို့ ...၀၀ကျော် သွေးခွဲထားသော မြန်မာတိုင်းရင်းသားများ ...င်၊ ပင်လုံညီလာခံ ဧကန်မုချပျက်ပြားရမည်ဟု အပိုင် ...ူးနှံ့နေခဲ့ကြသည်။

... ခုနှစ် ဖေဖော်ဝါရီလ ၁၂ရက်တွင် တိုင်းရင်းသား ...င်များ ပြည်ထောင်စုကြီး၏ လွတ်လပ်ရေးကိုအရ ...ဌာန်ချထားသော ပင်လုံစာချုပ်ကြီးကို တညီတညွတ် ...က်မှတ်ရေးထိုး လိုက်သောအခါ မြန်မာနိုင်ငံတစ်ဝန်း ...ရးရောင်ခြည်လွှမ်းကာ ပြည်သူတို့ဝမ်းမြောက်ကြိုဆို ... လန်ဒန်တွင် ဒူးနှံ့ပြီး ပင်လုံညီလာခံအပျက်စောင့် ... ပါးစပ်ဟောင်းလောင်းဖြင့် အရှိုက်ထိုးခံရသကဲ့သို့ ...ျာက်ချားသွားကြသည်ဟူ၏ ။

...ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် တိုင်းရင်းသား ... ချစ်ကြည်စည်းလုံးညီညွတ်မှုအင်အားသည် တိုင်းကျိုး ...မ်းပကား ဖြစ်လာလျက်ရှိသည်။ ငြိမ်းချမ်းသော ...င်၌ နိုင်ငံတော်ကြီး(ဝါ) ပြည်ထောင်စုကြီး အကြား ...ဘက်စုံဖွံ့ဖြိုးအောင် တိုင်းရင်းသားလူမျိုး ၁၀၀ကျော်၊ ...ဖြင့် ၅၃ သန်းကျော် လက်ချင်းယှက်၍ ကြိုးပမ်း ...က်နေကြသည်။ ဤသို့ဖြင့် မြန်မာတို့သည် လွတ်လပ်ရေး ... ခံစားကြရပြီဖြစ်သည်။ နယ်ချဲ့တို့ပေးခဲ့သော ဆိုးမွေ



**နယ်ချဲ့တို့က အစွမ်းကုန် သွေးခွဲခဲ့သော်လည်း တိုင်းရင်းသား စည်းလုံးညီညွတ်မှု အင်အားဖြင့် မြန်မာ့လွတ်လပ်ရေး အတွက် ပင်လုံမြေတွင် ဤသို့ မော်ကွန်းတင် လက်မှတ် ရေးထိုးခဲ့သည်။**

ပဋမ၊ ဒုတိယ၊ တတိယ အင်္ဂလိပ်-မြန်မာ စစ်ပွဲများ နှင့် ၁၈၈၅ ခုနှစ်မှ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးကြိုးပမ်းခဲ့ရသော ကာလတစ်လျှောက် ထူးခြားသော ဝိသေသတစ်ခုတွေ့ရသည်။ ယင်းဝိသေသမှာ အခြားမဟုတ်။ မြန်မာတိုင်းရင်းသားအပေါင်းတို့က နယ်ချဲ့သွေးခွဲမှုကြားမှ စည်းလုံးညီညွတ်မှုအင်အား ထုတ်ဖော်ပြသပြီး လွတ်လပ်ရေးကို ပြန်လည်ရယူခဲ့သည့် ဖြစ်စဉ်ပင်ဖြစ်သည်။

**နယ်ချဲ့တို့၏ ဆိုးမွေကို အပြီးတိုင်ဖယ်ရှားပစ်နိုင်ခဲ့သည့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းလားဒေသတွင် မူးယစ်ဆေးဝါးလုံးဝကင်းစင်ပပျောက်မှု အထိမ်းအမှတ်ပြတိုက်ကို တွေ့ရစဉ်။**



ပပျောက်ကင်းစင်သော နိုင်ငံဖြစ်လာပေတော့မည်။ ဤနယ်ချဲ့ဆိုးမွေ မူးယစ်ဆေးဝါးပပျောက်ရေးအတွက် မြန်မာတို့ နှစ်ပေါင်းများစွာ တိုက်ဖျက်ဖယ်ရှားနေရသည်။

နယ်ချဲ့၏သွေးခွဲမှုများကို ယနေ့တိုင် တွေ့နေရပေသေးသည်။

**သမိုင်းသင်ခန်းစာကို ဆင်ခြင် သုံးသပ်ပြီး ကိုလိုနီဝါဒီနယ်ချဲ့ လက်သစ်တို့၏ အန္တရာယ်ကို သမိုင်းအစဉ်အလာ ထွန်းပြောင်ခဲ့သည့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု အင်အားဖြင့် အစဉ်သတိပြုကာကွယ်ရင်း အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီးကို တိုင်းရင်းသားပြည်သူအားလုံးတို့က မဖြစ်မနေ တည်ဆောက်သွားမည်သာ ဖြစ်သည်။**

စာမျက်နှာ ၆ မှ

နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ထိုမှတစ်ဆင့် ချောက်မြို့ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင်သို့ ရောက်ရှိကြသည်။

**သဘာဝဓာတ်ငွေ့သုံး ယာဉ်ပြောင်းလဲ**

ထို့နောက် ဆိုင်အနီးရှိ ယာယီ ရှင်းလင်းဆောင်၌ ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက ရှင်းလင်းတင်ပြရာ၌ ပလိပ်၊ ချောက်၊ ရေနံချောင်းနှင့် ရန်ကုန်တို့၌ NGV ယာဉ်များအဖြစ် စုစုပေါင်း ၁၅၀၀ ခန့် အသွင်ပြောင်းပြီး ဖြစ်ပါကြောင်း၊ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင်ခြောက်ဆိုင်ကိုလည်း ဖွင့်လှစ်ပြီးဖြစ်ပါကြောင်း၊ အလုံ၊ ကျိုက္ကလို့၊ ဘုရင့်နောင်၊ သာကေတ၊ ဒဂုံမြို့သစ်၊ တညင်းကုန်းနှင့် မြောက်ဥက္ကလာပမြို့နယ်တို့တွင် မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင် ရှစ်ဆိုင်ကို တည်ဆောက်လျက်ရှိပြီး ၂၀၀၅ခုနှစ် နှစ်ဆန်းပိုင်းမှစ၍ တစ်ဆိုင်ပြီးတစ်ဆိုင် ဖွင့်လှစ်သွားမည် ဖြစ်ပါကြောင်း၊ ထပ်မံ၍လည်း သဘာဝဓာတ်ငွေ့ အရောင်းဆိုင် ၁၁ ဆိုင် တည်ဆောက်သွားမည် ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြပြီး မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ပုဂ္ဂလိကကုမ္ပဏီများက ဆောင်ရွက်လျက်ရှိသည့် သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်အဖြစ် ပြောင်းလဲဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ရဟတ်ယာဉ်ဖြင့် ချောက်မြို့မှ ပုဂံ–ညောင်ဦးမြို့သို့ ရောက်ရှိ ရပ်နားကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဒီဇင်ဘာ ၂၉ရက်တွင် စေတုတ္တရာမြို့နယ်ရှိ မုန်းချောင်းဘက်စုံ ရေလှောင်တမံဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

ဖွင့်ပွဲ အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်ဖြင့် ပုဂံ–ညောင်ဦးသို့ ပြန်လည်ရောက်ရှိကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဇည့်ရိပ်သာ၌ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနက မြစ်ရေတင်စီမံကိန်း ရေပေးမြောင်းများ၌ အသုံးပြုရန် သဘာဝပိုဇိုလန်နှင့် ဘိလပ်မြေ ရောစပ်၍ လိုင်နင်ကျောက်ပြားများ ပြုလုပ်ပြသထားမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မြန်မာ့လေကြောင်းလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာခဲ့ကြရာ မွန်းလွဲပိုင်းတွင် ရောက်ရှိကြသည်။

**ကျောဇီမြစ်ရေတင်စစ်ဆေး**

နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါလာကြသည့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ဌေးဦးနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့သည် ဒီဇင်ဘာ ၂၈ရက် မွန်းလွဲပိုင်းတွင် မြင်းခြံခရိုင် တောင်သာမြို့နယ် ကျောဇီကျေးရွာအနီး၌ အကောင်အထည်ဖော် ဆောင်ရွက်ထားသည့် ကျောဇီ လျှပ်စစ်မြစ်ရေတင်စီမံကိန်းကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးများအား ကျောဇီလျှပ်စစ်မြစ်ရေတင်စီမံကိန်းနှင့် စပ်လျဉ်း၍ ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် လိုအပ်သည်များကို မှာကြားပြီး လျှပ်စစ်မြစ်ရေတင်စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ကျောဇီ လျှပ်စစ်မြစ်ရေတင်စီမံကိန်းသည် ဧက ၈၀၀၀ ကို အကျိုးပြုမည့်စီမံကိန်းဖြစ်သည်။

**ငါ့သရောက်မြစ်ရေတင်**

ထို့နောက် ဝန်ကြီးများသည် ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် အုန်းနဲ့ ချောင်းကျေးရွာအနီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ငါ့သရောက် လျှပ်စစ်မြစ်ရေတင် စီမံကိန်းသို့ ရောက်ရှိသည်။

ငါ့သရောက် လျှပ်စစ်မြစ်ရေတင်စီမံကိန်းပြီးစီးမှု အခြေအနေများကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြရာ ဝန်ကြီးဗိုလ်ချုပ်ဌေးဦးကလိုအပ်သည်များကိုမှာကြားပြီး စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ငါ့သရောက် လျှပ်စစ်မြစ်ရေတင်စီမံကိန်းမှာ ဧက ၈၇၀၀ကို အကျိုးပြုမည့် စီမံကိန်းဖြစ်သည်။

ဝန်ကြီးများသည် ညောင်ဦးမြို့နယ် သူကောင်းတည်ဒေသ၌ အကောင်အထည်ဖော်လျက်ရှိသည့် သူကောင်းတည် လျှပ်စစ်မြစ်ရေတင်စီမံကိန်းကိုလည်း ဝင်ရောက်ကြည့်ရှုစစ်ဆေးသည်။

သူကောင်းတည် လျှပ်စစ်မြစ်ရေတင်စီမံကိန်းမှာ ဧက ၆၀၀၀ကို အကျိုးပြုမည့် စီမံကိန်းဖြစ်သည်။

(သတင်းစဉ်)

# ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်စိုးသိန်း၊ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့်ဝန်ကြီးများ ကိုကိုးကျွန်းမြို့နယ်သို့သွားရောက်ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြည့်ဆည်းဆောင်ရွက်ပေး

ရန်ကုန် ဒီဇင်ဘာ ၃၀

**ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်းသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ကျော်မြင့်တို့နှင့်အတူ တပ်မတော် အရာရှိကြီးများ၊ ကျန်းမာရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း ကိုကိုးကျွန်းမြို့နယ်သို့ လေကြောင်းခရီးဖြင့် သွားရောက်ကြရာ နံနက်၉နာရီခွဲတွင် ကိုကိုးကျွန်းလေဆိပ်သို့ ရောက်ရှိကြသည်။**





ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်းနှင့်အဖွဲ့အား ဟိုင်းကြီးတပ်နယ်မှ ဗိုလ်မှူးကြီးအေးဖေနှင့် နယ်မြေခံတပ်မှူး ဗိုလ်မှူးကျော်ကျော်ဦး၊ ကိုကိုးကျွန်းမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်သန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ကိုကိုးကျွန်းရှိ ဇည့်ရိပ်သာခန်းမ၌ ကိုကိုးကျွန်းမြို့နယ်ရှိ ဌာနဆိုင်ရာများနှင့် တွေ့ဆုံရာတွင် နယ်မြေခံတပ်မှူးနှင့် မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်သန်းတို့က နယ်မြေအခြေအနေနှင့် ဒီဇင်ဘာ ၂၆ရက်တွင် ဖြစ်ပွားခဲ့သော မြေလျင်ဒဏ်ကြောင့် ပြောပလောက်သည့် အပျက်အစီးမရှိကြောင်းနှင့် လူအထိအခိုက်အသေအပျောက်လုံးဝမရှိကြောင်း ရှင်းလင်းတင်ပြကြသည်။

**လိုအပ်ချက်များဖြည့်ဆည်းပေး**

ဆက်လက်၍ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ တိုင်းမှူး၊ ဝန်ကြီးများနှင့်အဖွဲ့သည် ကိုကိုးကျွန်းမြို့ ရေလှောင်တမံသို့ ရောက်ရှိပြီး ရေပေးဝေသည့် ရေစင်၊ သောက်သုံးရေ သိုလှောင်ထားသော ရေလှောင်တမံတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်ချက်များ မှာကြားဖြည့်ဆည်းပေးကြသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ တိုင်းမှူး၊ ဝန်ကြီးများနှင့် အဖွဲ့သည် ကိုကိုးကျွန်းမြို့နယ် ဆေးရုံနှင့် ကိုကိုးကျွန်း အခြေခံပညာအထက်တန်းကျောင်းတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဆေးရုံအတွက် ဆေးနှင့် ဆေးပစ္စည်းများ ပေးအပ်လှူဒါန်းကြပြီး အခြေခံပညာအထက်တန်း ကျောင်းအတွက် သင်ထောက်ကူပြု ပစ္စည်းများကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။

**ပေးအပ်လှူဒါန်း**

ယင်းနောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယကအဖွဲ့ဝင် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေ အတွင်းရေးမှူး ဗိုလ်ချုပ်ဌေးဦးနှင့် ဗဟိုအလုပ်အမှုဆောင် ဗိုလ်ချုပ်သိန်းဆွေတို့သည် ကိုကိုးကျွန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်အဖွဲ့ဝင်များအား စည်းရုံးရေး အခြေစိုက်စခန်း၌တွေ့ဆုံ၍ ကိုကိုးကျွန်းမြို့နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ပူးပေါင်း ဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားကြပြီး တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ကိုကိုးကျွန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွက် ဘိလပ်မြေအိတ် ၇၀နှင့်ဂြိုဟ်တု စလောင်းတပ်ဆင်ရန် ငွေကျပ် ၁၅၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ကိုကိုးကျွန်းခန်းမ၌ ကျင်းပသော ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲတွင် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်း၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် ဗိုလ်ချုပ်သိန်းဆွေတို့က ကိုကိုးကျွန်းမြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကူညီပံ့ပိုးမည့် အစီအစဉ်များ၊ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ မှာကြားလမ်းညွှန်ချက်များနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် ဆောင်ရွက်နေသည့် အခြေအနေများကို ရှင်းလင်းပြောကြားကြပြီး ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာလာရာ ညနေပိုင်းတွင် ရောက်ရှိကြသည်။

(သတင်းစဉ်)

**ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်း ကိုကိုးကျွန်းမြို့နယ်ရှိ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲတွင် ကိုကိုးကျွန်းမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆောင်ရွက်ပေးမည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။** (သတင်းစဉ်)

## ကျေးရွာချင်းဆက်လမ်းနှင့် လက်လှည့် တယ်လီဖုန်းစက်ခုံ မြင်းခြံမြို့နယ် ဆီမီးခုံကျေးရွာ၌ ဖွင့်ပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၃၀**

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မန္တလေးတိုင်း မြင်းခြံမြို့နယ် ဆီမီးခုံကျေးရွာ ကျေးရွာချင်းဆက် ဆီမီးခုံ–ငါ့နန်း–နံ့သာလှိုင်–ဂန်ဂါလမ်းနှင့် ကျေးလက် လက်လှည့်တယ်လီဖုန်းစက်ခုံဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၇ရက်တွင် အဆိုပါလမ်းမုခ်ဦးရှေ့၌ ကျင်းပရာ ရှေးဦးစွာ ကျေးလက်လမ်းနှင့်ပတ်သက်၍ မြို့နယ်အင်ဂျင်နီယာမှူးက ရှင်းလင်းတင်ပြပြီး ငါ့နန်းကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌကကျေးဇူးတင် စကားပြောကြားသည်။

**အထိမ်းအမှတ်အလံ**

ထို့နောက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိက မြင်းခြံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ထွန်းဝင်းနှင့် တာဝန်ရှိသူများအား လမ်းဖွင့်ပွဲ အထိမ်းအမှတ်အလံများကို ပေးအပ်သည်။ ဆက်လက်၍ မြင်းခြံခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ထွန်းဝင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ကျော်ငြိမ်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး လမ်းကိုလိုက်လံကြည့်ရှုကြသည်။

**ဖဲကြိုးဖြတ်**

ယင်းနောက် ဆီမီးခုံကျေးရွာရှိ ကျေးလက် လက်လှည့်တယ်လီဖုန်းစက်ခုံ ဖွင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ စက်ခလုတ်ခုံကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း လက်ထောက်အင်ဂျင်နီယာ ဦးခင်မောင်မြင့်တို့က ဖဲကြိုးဖြတ်၍ စက်ခလုတ်ခုံကို ဖွင့်လှစ်ပေးကြသည်။

(သတင်းစဉ်)

## အင်အားအသင့်အတင့်မြေငလျင်လှုပ်

**ရန်ကုန် ဒီဇင်ဘာ ၃၀**

၂၀၀၄ခုနှစ် ဒီဇင်ဘာ ၃၀ရက် မြန်မာစံတော်ချိန် ၇နာရီ ၄၀မိနစ် ၂၂စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေလျင်စခန်း၏ မြောက်ဘက် ၁၇၉မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း နေရာကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၅ ဒသမ ၁ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

(သတင်းစဉ်)

## မြတ်ဆရာပူဇော်ပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၃၀**

ရန်ကုန်စက်မှုတက္ကသိုလ် ၁၉၇၆ ခုနှစ် ကျောင်းဆင်း မြို့ပြအင်ဂျင်နီယာများ၏ (၁၂)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲနှင့် တွေ့ဆုံပွဲကို ၂၀၀၅ခုနှစ် ဇန်နဝါရီ ၁ရက် ညနေ ၆နာရီခွဲတွင် ဆီဒိုးနားဟိုတယ်၌ကျင်းပရန်စီစဉ်ထားသည်။ ကျောင်းသား၊ ကျောင်းသူဟောင်းများမပျက်မကွက်တက်ရောက်ကြရန်နှင့် အလှူငွေနှင့် အလှူပစ္စည်းများကို ဦးရဲထွင့်သိန်း ဖုန်း–၆၆၁၀၆၁၊ ၆၆၅၈၀၇၊၆၆၃၄၃၉၊ဦးကြည်မင်း ဖုန်း–၅၁၀၅၁၄၊ ဦးစိုးစိုး ဖုန်း–၀၉–၅၀၀၄၆၃၆၊ ၅၀၀၂၀၁၊ ဒေါ်စောစောစိန် ဖုန်း–၂၅၀၀၂၉၊၃၇၁၃၁၅၊ ဒေါ်ပြုံး ဖုန်း–၂၁၀၉၇၁(၅၁)၊၂၂၂၆၈၀နှင့် ဒေါ်သန်းသန်းစိုး ဖုန်း–၂၄၅၆၈၇၊ ၅၂၅၂၀၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က–ပ)

## မြဝတီရုပ်မြင်သံကြား

**၃၁–၁၂–၂၀၀၄**
**(သောကြာနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၀ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၃၀ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၄၀ ၆။ မျိုးချစ်တပ်မတော်
၄:၅၀ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Differentiation (ပထမနှစ်) စီးပွားရေး၊ စီးပွားစီမံ၊ ပြည်သူ့ရေးရာ
၅:၃၀ ၉။ ပညာခေတ်
၅:၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ မိုးလေဝသသတင်း
၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၅။ **“ထူးခြားသောကလေးငယ်”** ကာတွန်းဇာတ်လမ်း
၆:၅၀ ၁၆။ လျှပ်တစ်ပြက်
၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ပင်လယ်ကြီးလောက်ချစ်တယ်”** (အပိုင်း–၃၀)
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ မြန်မာ့ရှုခင်း
၂၁။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ရတနာသိုက်နဲ့ ရန်နိုင်ဓား”** (အပိုင်း–၃၃)

*စာမျက်နှာ ၅ မှ*

ဘိန်းစိုက်ပျိုးမှု၊ ထုတ်လုပ်မှုနှင့် ပတ်သက်ပြီး မြန်မာနိုင်ငံ၏အခြေခံစာရင်းကောက်ယူမှုအရ လည်းကောင်း၊ မြန်မာနိုင်ငံနှင့် အမေရိကန်နိုင်ငံပူးပေါင်းပြီး ဘိန်းအထွက်နှုန်း ကွင်းဆင်းတိုင်းတာမှုအပေါ်အခြေခံထုတ်ပြန်သည့် အမေရိကန်အစိုးရ၏ နှစ်စဉ်ထုတ်ပြန်ချက်အရလည်းကောင်း၊ UNODC ၏ ထုတ်ပြန်ချက်အရလည်းကောင်း၊ ဘိန်းစိုက်ပျိုးထုတ်လုပ်မှု သိသိသာသာ လျော့နည်းကျဆင်းလာနေသည်ကိုတွေ့ရပါကြောင်း၊ UNODC၏ ၂၀၀၄ခုနှစ် အောက်တိုဘာလ ၁၁ရက် ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံ၏ ၂၀၀၄ခုနှစ် ဘိန်းစိုက်ပျိုးမှုသည် ၄၄၂၀၀ဟက်တာဖြစ်သည့်အတွက် ၂၀၀၃ ခုနှစ်နှင့် နှိုင်းစာလျှင် ၂၉ရာခိုင်နှုန်း လျော့နည်းကျဆင်းသွားပြီဖြစ်ကြောင်းနှင့် ၁၉၉၆ခုနှစ်နှင့် နှိုင်းစာလျှင် ၇၃ရာခိုင်နှုန်းအထိ လျော့နည်းသွားပြီဖြစ်ကြောင်း တွေ့ရှိရပါကြောင်း။

ဒေသဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဘိန်းအစားထိုး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းနှင့် အခြားစီးပွားရေးအခွင့်အလမ်းများပေါ်ပေါက်လာသည်က တစ်ကြောင်း၊ နယ်စပ်ဒေသတိုင်းရင်းသားများအကြား မူးယစ်ဆေးဝါး၏ဆိုးကျိုးကို အသိပညာပေးနိုင်သည့် အခွင့်အလမ်းများပိုမို ရရှိလာခြင်းကြောင့်တစ်ကြောင်း ဘိန်းစိုက်ပျိုးထုတ်လုပ်မှုသည် သိသိသာသာလျော့နည်းကျဆင်းနေပြီဖြစ်ကြောင်း။

## ဆန်အိတ် ၄၆၅၀ ထောက်ပံ့

ဘိန်းစိုက်ပျိုးထုတ်လုပ်မှုကို တားဆီးနှိမ်နင်းမှုနှင့် ဟန်ချက်ညီ ပန်းတိုင်သစ်စီမံကိန်းဖြင့် ဘိန်းမစိုက်တောင်သူများအား ဆန်၊ ငွေကြေးနှင့် အစားထိုးသီးနှံမျိုးစေ့များ ထောက်ပံ့ပေးအပ်မှု ဆောင်ရွက်ခဲ့ရာ ၂၀၀၁ခုနှစ်မှ ၂၀၀၄ခုနှစ်အတွင်း ဆန်အိတ် ၁၉၃၀၀၊ ဆားပိဿာ ၅၀၀၀၊ အစားထိုးသီးနှံစိုက်ပျိုးရေးအတွက် ကျပ်၁၉၆၅သိန်း တန်ဖိုးရှိ မျိုးစေ့နှင့် ပျိုးပင်များ ထောက်ပံ့ပေးအပ်ခဲ့ပါကြောင်း၊ ၂၀၀၄ခုနှစ် ဩဂုတ်လမှစတင်ပြီး ဘိန်းစိုက်ပျိုးမှုပပျောက်ရေးဆောင်ရွက်နေသည့် စီမံကိန်းဒေသများတွင် လစဉ်ဆန်အိတ် ၄၆၅၀ ထောက်ပံ့ပေးလျက်ရှိပါကြောင်း။

ဘိန်းစိုက်ပျိုးထုတ်လုပ်မှု လျော့နည်းပပျောက်ရေးအပြင် အိမ်နီးချင်းနိုင်ငံများက တစ်ဆင့်တင်သွင်းလာသော ကုန်ကြမ်းနှင့်ဓာတုဆေးဝါးများကို အသုံးပြုထုတ်လုပ်သည့် မူးယစ်ဆေးဝါးပြဿနာကိုလည်း တားဆီးနှိမ်နင်းရေး ထိထိရောက်ရောက် ဆောင်ရွက်နေပါကြောင်း၊ နယ်စပ်မြို့များဖြစ်သည့် တာချီလိတ်၊ မြဝတီနှင့် ကော့သောင်းမြို့များကို မူးယစ်ဆေးဝါးကင်းမဲ့ဇုန် ဖြစ်ရေးအတွက်လည်း တားဆီးနှိမ်နင်းရေးအပိုင်းက ထိထိရောက်ရောက် ဆောင်ရွက်နေပြီဖြစ်ပါကြောင်း။

မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများတွင် ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး (UNODC)နှင့် မူးယစ်ဗဟိုတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် 'ဝ'ဒေသအခြားနည်းဖြင့် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း Wa Alternative Development Project (WADP) စီမံကိန်းကို UNODC ထည့်ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၁ဒသမ၆၂၃သန်းဖြင့် ၁၉၉၈ခုနှစ်မှစ၍ ၂၀၀၅ခုနှစ်အထိ 'ဝ'ဒေသ(တောင်ပိုင်း) မိုင်းပေါက်မြို့နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပညာရေး၊ကျန်းမာရေး၊စားနပ်ရိက္ခာ ဖူလုံရေး၊ လူထုဖွံ့ဖြိုးရေး၊ အစားထိုးဝင်ငွေရရှိရေး၊ မူးယစ်ဆေးဝါးနှင့် AIDSရောဂါ အသိပညာပေးရေး၊ အခြေခံ အဆောက်အအုံတည်ဆောက်ရေး၊ ဘိန်းစိုက်ပျိုးမှု စောင့်ကြည့်လေ့လာရေးနှင့် အကဲဖြတ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP)အနေဖြင့် ၂၀၀၃ခုနှစ် စက်တင်ဘာလမှ ဒီဇင်ဘာလအတွင်း ကိုးကန့်ဒေသမှ ဘိန်းမစိုက်ပျိုးသော တောင်သူများအား ဆန်တန်ချိန် ၇၆၀ကို ထောက်ပံ့ပေးခဲ့ပါကြောင်း၊ ဆန်များကို ကုန်းကြမ်းမြို့နယ် ရောက်ကိုင်နှင့် တာရွှေထန်တို့သို့ ကျေးရွာအရောက် သယ်ယူထောက်ပံ့ပေးခဲ့ပြီး သယ်ယူစရိတ်နှင့် ဆန်ဖိုးအပါအဝင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၉ သိန်း ကျခံဆောင်ရွက်ပေးခဲ့ပါကြောင်း၊ WFP မှ ဒုတိယအဆင့်အနေဖြင့် ၂၀၀၄ခုနှစ် ဧပြီလမှ ၂၀၀၅ခုနှစ် မတ်လကုန်အထိ ဆန်တန်ချိန် ၉၈၅၅တန် ဆန်အိတ်နှစ်သိန်းခန့်ကို ကိုးကန့်ဒေသ၊ 'ဝ'ဒေသအပြင် ကွတ်ခိုင်၊ ကောင်းခါး၊ မုံးကိုး၊ ဖောင်းဆိုင်၊ တာမိုးညဲ၊ မန်တုံ၊ မန်ပန်ဒေသများမှာပါ ဘိန်းစိုက်ပျိုးမှုစွန့်လွှတ်သည့်တောင်သူများမှ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများအား ဆန်အခမဲ့ ထောက်ပံ့ပေးခြင်း၊ ကျေးရွာအကျိုးပြုလုပ်ငန်း ဆောင်ရွက်သူများအား လုပ်အားခအဖြစ် ဆန်ထောက်ပံ့ပေးခြင်း၊ ကျောင်းတက်သည့် ကျောင်းသား ကျောင်းသူများအား ဆန်ထောက်ပံ့ပေးခြင်း အစီအစဉ် သုံးမျိုးဖြင့် ဖြန့်ဝေပေးလျက်ရှိပါကြောင်း၊ ဒုတိယအဆင့်အစီအစဉ်မှာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၆ သန်းတန်ဖိုးရှိ ဆန် ၉၈၅၅ တန်ကို နိုင်ငံတော်ကခွင့်ပြုသည့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှတစ်ဆင့် ဖြန့်ဝေပေးလျက်ရှိရာတွင် ယနေ့အထိဆန်တန်ချိန်၁၀၂၉ ဒသမ ၉၃တန်အားဖြန့်ဝေပေးပြီး ဖြစ်ပါကြောင်း။

## ၁၅မြို့နယ်ထပ်မံတိုးချဲ့

ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP) နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လူ့စွမ်းရည်ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း အဆင့်(၄) (HDI Phase IV) မှ ဝေးလံမြို့နယ်များ လူမှုဖွံ့ဖြိုးရေးစီမံကိန်း CDRT Project ကို UNDP ထည့်ဝင်ငွေ အမေရိကန်ဒေါ်လာ ၅ဒသမ၅သန်းဖြင့် ၂၀၀၂ ခုနှစ် ဒီဇင်ဘာလမှ ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလအထိ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါစီမံကိန်းကို မြစ်ကြီးနား၊ ဝိုင်းမော်၊ တနိုင်း၊ ဟားခါး၊ ဖလမ်း၊ တီးတိန်၊ ထန်တလန်၊ ပလက်ဝ၊ ကျောက်တော်၊ မြောက်ဦး၊မင်းပြား၊ ဘူးသီးတောင်၊ မောင်တောမြို့နယ်များ၌ ပညာရေး၊ ကျန်းမာရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ ဝင်ငွေတိုးပွားရရှိရေး၊ ရေကောင်းရေသန့်ရရှိရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သစ်တောပြုန်းတီးမှုကာကွယ်ရေးနှင့် AIDS ရောဂါကာကွယ်ရေး လုပ်ငန်းများဆောင်ရွက်လျက်ပြီး ၂၀၀၄ ခုနှစ်တွင် ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၅ ဒသမ ၄ သန်းထပ်မံရရှိသည့်အတွက် ဝေးလံမြို့နယ် ၁၅ မြို့နယ်၌ ထပ်မံတိုးချဲ့ရေး ဆောင်ရွက်လျက်ရှိပါကြောင်း။

ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) အနေဖြင့် နယ်စပ်ဒေသစားနပ်ရိက္ခာတိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် ၁၉၉၅ ခုနှစ်တွင် ယန်းသန်း ၁၀၀၀၊ ၁၉၉၈ ခုနှစ်တွင် ယန်းသန်း ၈၀၀တန်ဖိုးရှိသော လယ်ယာသွင်းအားစုများထောက်ပံ့ပေးခဲ့ပြီး ၁၉၉၇ ခုနှစ်မှစ၍ ဘိန်းအစားထိုး ပန်းဂျုံစိုက်ပျိုးရေးစီမံကိန်းကိုလည်း နည်းပညာအကူအညီပေးခဲ့ပါကြောင်း။

နိဂုံးချုပ်အနေဖြင့်တင်ပြလိုသည်မှာနယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို နတလဗဟိုကော်မတီကချမှတ်ပေးသည့် မူဝါဒလမ်းညွှန်ချက်များအတိုင်း နတလလုပ်ငန်းကော်မတီ၏ကြီးကြပ်မှုဖြင့် ဝန်ကြီးဌာန၊ ဒေသဆိုင်ရာလုပ်ငန်းကော်မတီများ၊ လုပ်ငန်းဆပ်ကော်မတီများက ဒေသခံတိုင်းရင်းသားခေါင်းဆောင်များ၊ ပြည်သူများနှင့်ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်နေမှုကြောင့် မြန်မာနိုင်ငံနယ်စပ်ဒေသများ၏ လူမှုစီးပွားရေးအခြေခံအဆောက်အအုံများ သိသိသာသာဖြစ်ပေါ်ပြောင်းလဲတိုးတက်လျက်ရှိနေသည်ကို တွေ့မြင်နေရပြီဖြစ်ပါကြောင်း။

နတလ လုပ်ငန်းကော်မတီအနေဖြင့် နတလဗဟိုကော်မတီ၏ ယခင်အစည်းအဝေးများနှင့် ယခုအစည်းအဝေးတွင် ချမှတ်ပေးသည့် မူဝါဒပိုင်းဆိုင်ရာလမ်းညွှန်ချက်များကို အရှိန်အဟုန်ဖြင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဗဟိုကော်မတီ တွဲဖက်အတွင်းရေးမှူး နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီအစည်းအဝေးအမှတ်စဉ် (၁/၂၀၀၄)၏ ဆုံးဖြတ်ချက်များ အကောင်အထည်ဖော်နိုင်မှုများနှင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နေသည့်လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာတွင် ပထမဦးစွာ ၂၀၀၄ခုနှစ် မတ်လ ၂၉ ရက်တွင် ကျင်းပသည့် (၁၁)ကြိမ်မြောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီအစည်းအဝေး လမ်းညွှန်ချက်များအပေါ် ဆောင်ရွက်ချက်များကို တင်ပြသွားမည်ဖြစ်ကြောင်း၊ ရွှေ့ပြောင်းတောင်ယာ လုပ်ကိုင်သူများအား ယင်းတို့၏လူနေမှုအဆင့်အတန်းမြင့်မားလာစေရေးအတွက် ကုန်းမြင့်ဒေသ လယ်ယာမြေ ဖော်ထုတ်ပေးပြီး ပညာရေး၊ ကျန်းမာရေးအခြေခံများထူထောင်ကာ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်ပေးရန်၊ လမ်းညွှန်ချက်နှင့်ပတ်သက်ပြီး လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာနက ကုန်းမြင့်လယ်ယာ ဖော်ထုတ်ရေးစီမံကိန်းဖြင့်လည်းကောင်း၊ သစ်တောရေးရာဝန်ကြီးဌာနက သီးနှံသစ်တော ရောနှောစိုက်ခင်းတည်ဆောက်ရေးစီမံကိန်းဖြင့်လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနက စံပြကျေးရွာများ ထူထောင်ရေးစီမံကိန်းဖြင့်လည်းကောင်း ပြည်နယ်၊ တိုင်းများနှင့် ပေါင်းစပ်ညှိနှိုင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

## ကွင်းဆင်းဆောင်ရွက်

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ကုန်းမြင့်လယ်ယာမြေဖော်ထုတ်ရေးအတွက် ၂၀၀၃–၂၀၀၄မှ ၂၀၁၂–၂၀၁၃ နှစ်အထိ ၁၀နှစ်စီမံကိန်းချမှတ်လျာထားဆောင်ရွက်လျက်ရှိရာ စီမံကိန်းအရ ၁၀နှစ်အတွင်း ဌာနအစီအစဉ်ဖြင့် ဧက၄၄၇၆၀၊ တောင်သူ အစီအစဉ်ဖြင့် ဧက၆၇၁၄၀ စုစုပေါင်း ဧက၁၁၁၉၀၀ ဖော်ထုတ်သွားမည်ဖြစ်ပြီး ယခုအထိဌာနအစီအစဉ်ဖြင့် ၅၂၁၁ဧက၊ တောင်သူအစီအစဉ်ဖြင့် ၆၄၄၈ဧက စုစုပေါင်း ၁၁၆၅၉ ဧက ဖော်ထုတ်ပြီးဖြစ်ပါကြောင်း၊ဒေသအလိုက်ဖော်ထုတ်ပြီးစီးမှုအနေဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ၅၉၈၆ဧက၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ၂၁၀၈ဧက၊ ရှမ်းပြည်နယ်(တောင်ပိုင်း)တွင်၂၀၈၇ ဧက၊ ချင်းပြည်နယ်တွင် ၁၂၇၆ ဧကနှင့် မကွေးတိုင်း ကျောက်ထုဒေသတွင်၂၀၂ဧကတို့ဖြစ်ပါကြောင်း၊ ထို့အပြင် ရခိုင် ပြည်နယ် အမ်းမြို့နယ်၊မန္တလေးတိုင်း မိုးကုတ်မြို့နယ်နှင့် ပဲခူးတိုင်း (အရှေ့)နှင့်(အနောက်) တို့တွင်လည်း ဖြစ်နိုင်ချေရှိမရှိ ကွင်းဆင်းဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့အပြင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအား သီးခြားတာဝန်ပေးထားသော တာကော်အက်–ဝိန်းကောင်–ပန်ဆန်းလမ်း ၈၂မိုင် ၂ ဖာလုံ ကတ္တရာခင်းခြင်းလုပ်ငန်း၊ ကလေးဝ–မော်လိုက်လမ်းသစ်ဖောက်လုပ်မှုလုပ်ငန်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ အစိုးရမဟုတ်သော နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ၌ World Vision, Association of Medical Doctors of Asia (AMDA), Swiss Foundation for Development Cooperation (SWISSAID) နှင့် CARE International စသည့် လူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းလျက် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိပါကြောင်း၊ အလားတူပင် နိုင်ငံတော်အကြီးအကဲသည် လမ်းညွှန်ချက်အတိုင်း နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းများကိုလည်း တိုးချဲ့ဖွင့်လှစ်လျက်ရှိရာ ၂၀၀၄ ခုနှစ်အတွင်း ပင်လုံ၊ ပခုက္ကူ၊ ဖလမ်း၊ ထန်တလန်၊ တွန်းဇံနှင့် ဘားအံမြို့တို့တွင် ကျောင်းခြောက်ကျောင်းတိုးချဲ့ဖွင့်လှစ်ထားရှိပါကြောင်း။

## ရှင်းလင်းတင်ပြ

ပြည်ထောင်စု တိုင်းရင်းသား လူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီ ကောလိပ်(ရန်ကုန်)နှင့် (မန္တလေး)တို့မှ အင်ဂျင်နီယာဒီပလိုမာရရှိသူ ၉၆ ဦး၊ ဝိဇ္ဇာသိပ္ပံဘွဲ့ရရှိသူ ၁၆၀၊ပေါင်း ၂၅၆ဦးတို့အား ဌာနဆိုင်ရာများတွင် ခန့်အပ်ပြီး နယ်စပ်ဒေသများ၌ တာဝန်ပေးအပ်ထားပြီးဖြစ်ပါကြောင်း၊ ၎င်းတို့ အနက်အရည်အချင်းမီသူ သင်တန်းသား၂၈ဦးကို မန္တလေးနည်းပညာတက္ကသိုလ်တွင် B.Techသင်တန်းအားတက်ရောက်သင်ကြားစေလျက်ရှိပြီး မဟာဝိဇ္ဇာ၊ မဟာသိပ္ပံတန်း တက်ရန် အရည်အချင်းမီသူ ၁၈ဦးကိုလည်း ရန်ကုန်တက္ကသိုလ်တွင် ဆက်လက်ပညာဆည်းပူးစေလျက်ရှိပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအုန်းမြင့်က ကုန်းမြင့်ဒေသလယ်ယာမြေစနစ် ဖော်ထုတ်အကောင်အထည်ဖော်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က ရွှေ့ပြောင်းတောင်ယာစနစ်ကြောင့် ဖြစ်ပေါ်လာသည့် ပြုန်းတီးသစ်တောများအား စနစ်တကျပြုစုထိန်းသိမ်းခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက နယ်စပ်ဒေသများတွင် မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က နယ်စပ်ဒေသများ၌ အသေးစား ရေအားလျှပ်စစ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံခန့်ခွဲမှုကဏ္ဍမှ ပံ့ပိုးဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို လမ်းညွှန်မိန့်ကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားရာတွင် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများမှာ တစ်ကြိမ်တစ်ခါဆောင်ရွက်၍ ပြီးပြတ်သွားသည်မရှိဘဲ စဉ်ဆက်မပြတ်ဆောင်ရွက်နေရမည့် လုပ်ငန်းများဖြစ်ရာ ဦးတည်ချက် ရှိရှိဖြင့် အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်သွားကြရန်လိုကြောင်း။

အထူးသဖြင့် ဒေသခံတိုင်းရင်းသားပြည်သူများ၏ စားဝတ်နေရေး ပြည့်စုံဖူလုံရေးမှသည် လူနေမှုဘဝအဆင့်အတန်းတိုးတက်မြင့်မားလာစေရအောင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး လုပ်ငန်းများကို စဉ်ဆက်မပြတ်ဆက်စပ်ဆောင်ရွက်ပေးရမှာဖြစ်ကြောင်း။

## ပြုစုပျိုးထောင်

မျိုးဆက်တစ်ဆက်မှ တစ်ဆက်သို့ ဆွေစဉ်မျိုးဆက် ဖွံ့ဖြိုးတိုးတက်စေရေးနှင့် လူနေမှုဘဝအဆင့်အတန်း ဆက်လက်တိုးတက်မြင့်မားစေရေးအတွက် ရေရှည်ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းနေစေရအောင် နယ်စပ်ဒေသများ၌ လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ပေးကြရန်မှာကြားလိုကြောင်း။

လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ပေးရာ၌လည်း စာပေပညာသက်သက်သာမက မိမိလူ့အဖွဲ့အစည်း၏ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေမည့် လက်မှုအတတ်ပညာ၊ စက်မှုအတတ်ပညာ စသည့် အသက်မွေးဝမ်းကျောင်းပညာများကိုပါ သင်ကြားပေးကြရန် စီမံဆောင်ရွက်ကြရမှာဖြစ်ကြောင်း။

မိမိအဖွဲ့အစည်း၏ ဖွံ့ဖြိုးတိုးတက်ရေးကိုစွမ်းဆောင်ပေးနိုင်မည့် လူ့စွမ်းအား အရင်းအမြစ်များဖြစ်ထွန်းလာမှသာ ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်ကို ရေရှည်ထိန်းသိမ်းမြှင့်တင်ပေးနိုင်မှာဖြစ်ကြောင်း ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

■ *ကျောဖုံးမှ*

ရှေးဦးစွာ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးစိန်တင်က ၂၀၀၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု(အကယ်ဒမီဆု)ရ ရုပ်ရှင်အနုပညာရှင် အတတ်ပညာရှင်များအား ဂုဏ်ပြုပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

## ဂုဏ်ပြုလက်ဆောင်ပေးအပ်

ထို့နောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးစိန်တင်၊ ဒုတိယဥက္ကဋ္ဌ(၁)ဦးကြီးမြင့်နှင့် ဒုတိယဥက္ကဋ္ဌ(၂)ပန်းချီဦးစိုးမိုးတို့က ၂၀၀၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု(အကယ်ဒမီဆု)ရ ရုပ်ရှင်အနုပညာရှင် အတတ်ပညာရှင် ၁၁ ဦးတို့အား ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်ကြသည်။

ယင်းနောက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု(အကယ်ဒမီဆု)ရ ရုပ်ရှင်အနုပညာရှင် အတတ်ပညာရှင်အမျိုးသားများကိုယ်စား အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆုရ ကျော်ဟိန်းကလည်းကောင်း၊ အမျိုးသမီးများကိုယ်စား အကောင်းဆုံးအမျိုးသမီး ဇာတ်ပို့ဆုရ ချိုပြုံးကလည်းကောင်း ကျေးဇူးတင်စကားပြန်လည်ပြောကြားကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များအားညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**



## တက်ရောက်ချီးမြှင့်

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၃ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု)ရ ရုပ်ရှင်အနုပညာရှင် အတတ်ပညာရှင်များအား ဂုဏ်ပြုပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်စဉ်။** (သတင်းစဉ်)

# ပြည်သူတို့၏ပန်းတိုင်သည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီး၏ပန်းတိုင်ဖြစ် နိုင်ငံဖွံ့ဖြိုးရေး တိုင်းရင်းသားပြည်သူတို့၏အင်အား ပဓာနကျ၊ အဖျက်အန္တရာယ် ပြည်သူ့စွမ်းအားဖြင့်ကာကွယ်

ရန်ကုန် ဒီဇင်ဘာ ၃၀

**ရှမ်းပြည်နယ်(တောင်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းက ကြီးမှူး၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၄)၏ ဦးတည်ချက်(၇)ရပ်၊ ရှေ့လုပ်ငန်းစဉ် (၉)ရပ်နှင့် ဆောင်ရွက်ရန်လျာထားသည့် လက်တွေ့လုပ်ငန်းများကို ရှမ်းပြည်နယ်(တောင်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက အကောင် အထည်ဖော် ဆောင်ရွက်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်(တောင်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ဦးတည် ချက်များ အကောင်အထည်ဖော်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၂၆ ရက် နံနက် ၉ နာရီတွင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။**



**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၄)၏ ဦးတည်ချက်(၇)ရပ်၊ ရှေ့လုပ်ငန်းစဉ် (၉) ရပ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းက အကောင်အထည်ဖော် ဆောင်ရွက်မည့်ဦးတည်ချက်များ၊ အကောင်အထည်ဖော် ဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်းအစည်း အဝေးကို ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ မြို့တော်ခန်းမ၌ကျင်းပစဉ်။** (သတင်းစဉ်)

ယင်းလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြို့မိမြို့ဖများ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီနှင့်မီးသတ်တပ်ဖွဲ့ဝင်များ၊ အသင်းသူအသင်းသားများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ထူးချွန်လူငယ်များ တက်ရောက်ကြသည်။

အစီအစဉ်အရ ရှေးဦးစွာ ပြည်ထောင်စု မြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။

ယင်းနောက် အခမ်းအနားအစီအစဉ်ကို မြို့နယ်ခန်းမ၌ ဆက်လက်ကျင်းပရာ ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းဝင် ကျောင်းသား ကျောင်းသူများက ရာသက်ပန် ပြည်ထောင်စုသီချင်းနှင့်နှင့် ပြည်မြန်မာ သီချင်းများဖြင့် ဂုဏ်ပြုသီဆိုကြသည်။



**ရှမ်းပြည်နယ် (တောင်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးကျော်စိုးလှိုင်က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီး၏ဦးတည်ချက် (၇)ရပ်ကို ဆွေးနွေးတင်ပြစဉ်။** (သတင်းစဉ်)

## အမျိုးသားရေးအင်အားစု

ထို့နောက် အစည်းအဝေးကိုစတင်ကျင်းပရာ သဘာပတိ ရှမ်းပြည်နယ် (တောင်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဉာဏ်လင်းက အမှာစကား ပြောကြားရာတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် အမျိုးသားရေးတာဝန်များကို ကြိုးပမ်းထမ်းဆောင်လျက် မျိုးဆက်သစ်လူငယ်များကို စည်းရုံးလေ့ကျင့် လှုပ်ရှားရင်းခိုင်မာသည့် အမျိုးသားရေးအင်အားစုကြီးအဖြစ် ဦးတည်နေပြီဖြစ်ကြောင်း။

နိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံအဖြစ်တည်ဆောက်ရာတွင် အမျိုးသားရေး မူဝါဒဖြစ်သည့် ဒို့တာဝန် အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး ပြည်ထောင်စုစိတ်ဓာတ်ပြည့်ဝသည့် မျိုးချစ်အင်အားစုကြီးအဖြစ် လိုအပ်ကြောင်းနှင့်အသင်းကြီး၏နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကြီးတွင် ဦးတည်ချက် (၇)ရပ်တွင် တိုင်းရင်းသားပြည်သူများအားလုံး စည်းလုံးညီညွတ်ရေး၊ နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေး၊ လူမှုစီးပွားရေး အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်ရေးနှင့်အဖျက်အန္တရာယ်မှ ကင်းဝေးအောင် ပြည်သူတို့၏ စွမ်းအားဖြင့် ကာကွယ်ရေးတို့ကို အဓိကဦးတည်ထားသည်ကို တွေ့ရမှာဖြစ်ကြောင်း။



**ရှမ်းပြည်နယ်(တောင်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးခွန်သန်းထူးက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေ းအသင်းကြီး၏ ရှေ့လုပ်ငန်းစဉ် (၉)ရပ်ကို ဆွေးနွေးတင်ပြစဉ်။** (သတင်းစဉ်)

## စနစ်တကျအကောင်အထည်ဖော်

၎င်းအပြင် အသင်းနာယကကြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **“နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာမှာ အဓိကအကျဆုံး လိုအပ်ချက်ဟာ အမျိုးသားစည်းလုံးညီညွတ်ရေး ဖြစ်တယ်လို့ နိုင်ငံတော်အစိုးရက မမှိတ်မသုန် ယုံကြည်ကြောင်း၊ နိုင်ငံတော်အစိုးရဟာ ဒို့တာဝန် အရေးသုံးပါးကို နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူအားလုံးအတွက် ချမှတ်ကျင့်သုံးခဲ့ကြောင်း၊ နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတစ်ရပ်လုံးရဲ့ ရှင်သန်ဖွံ့ဖြိုးရေး၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရေးလုပ်ငန်းစဉ်ကြီးတွေရဲ့ အခြေခံ အုတ်မြစ်ဟာ အမျိုးသားစည်းလုံးညီညွတ်ရေး ဖြစ်တယ်လို့ နိုင်ငံတော်က မမှိတ်မသုန် ယုံကြည်ကြောင်း”** အသင်းကြီး၏ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကြီးတွင်လမ်းညွှန်မိန့်ကြားချက်နှင့်အညီ ပြည်သူတို့၏ပန်းတိုင်သည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းကြီး၏ ပန်းတိုင်ဖြစ်ပြီး နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးတွင် တိုင်းရင်းသားပြည်သူတို့၏ အင်အားသည် ပဓာနအကျဆုံး ဖြစ်ကြောင်း၊ အသင်းကြီးနှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးကြီးက ချမှတ်သည့် အသင်းကြီး၏ ဦးတည်ချက်(၇)ရပ်၊ အသင်းကြီး၏ ရှေ့လုပ်ငန်းစဉ် (၉)ရပ်တို့ကို အသေးစိတ် စီမံချက်များ ချမှတ်ပြီး လက်တွေ့ကျကျ ဆောင်ရွက်ရန်ရှိသည့် လုပ်ငန်းစဉ်များကို စနစ်တကျ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားမှာ ဖြစ်ကြောင်း အကျယ်တဝင့် ပြောကြားသွားသည်။



**ရှမ်းပြည်နယ်(တောင်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုး ရေးအသင်း အလုပ်အမှုဆောင် ဦးစိုင်းသီဟက ရှမ်းပြည်နယ် (တောင်ပိုင်း)အတွင်း ဆောင်ရွက်ရန်လျာထားသည့် လက်တွေ့လုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေး တင်ပြစဉ်။** (သတင်းစဉ်)



**တောင်ကြီးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ခင်သန္တာ ဦးက တင်ပြချက်များနှင့်စပ်လျဉ်း၍ ထောက်ခံဆွေးနွေးစဉ်။** (သတင်းစဉ်)

ယင်းနောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၄)၏ ဦးတည်ချက် (၇)ရပ် အောင်မြင်အောင် စွမ်းရည်အပြည့်အဝဖြင့် အင်တိုက်အားတိုက် အကောင်အထည်ဖော်ရေးအဆိုကို ရှမ်းပြည်နယ် (တောင်ပိုင်း) ပြည်နယ် အလုပ်အမှုဆောင် ဦးကျော်စိုးလှိုင်က တင်ပြသည်။

## ဆွေးနွေးတင်ပြ

ဆက်လက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၄)၏ ရှေ့လုပ်ငန်းစဉ် (၉)ရပ် အောင်မြင်အောင် စွမ်းရည် အပြည့်အဝဖြင့် အင်တိုက်အားတိုက် ဆောင်ရွက်ရေး အဆိုကို ရှမ်းပြည်နယ် (တောင်ပိုင်း) ပြည်နယ်အလုပ်အမှုဆောင် ဦးခွန်သန်းထူးက ဆွေးနွေးတင်ပြသည်။

ထို့နောက် ရှမ်းပြည်နယ် (တောင်ပိုင်း)အတွင်း ဆောင်ရွက်ရန် လျာထားသည့် လက်တွေ့လုပ်ငန်းများနှင့်ပတ်သက်၍ ပြည်နယ်အလုပ်အမှုဆောင် ဦးစိုင်းသီဟက တင်ပြသည်။

## ထောက်ခံဆွေးနွေး

ယင်းနောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီး၏ ဦးတည်ချက် (၇)ရပ်ကို ပထမဦးစွာ တောင်ကြီးခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကိုယ်စား ခရိုင်အလုပ်အမှုဆောင် ဒေါ်ခင်သန္တာဦးက ထောက်ခံဆွေးနွေးသည်။

ဆက်လက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး၏ ရှေ့လုပ်ငန်းစဉ်(၉)ရပ်ကို လှိုင်လင်ခရိုင်တွဲဖက်အတွင်းရေးမှူးဦးရီသန့်က ထောက်ခံဆွေးနွေးသည်။



**လှိုင်လင်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးရီသန့်ကတင်ပြချက်များနှင့်စပ်လျဉ်း၍ ထောက်ခံဆွေးနွေးစဉ်။** (သတင်းစဉ်)

ထို့နောက် ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်း ဆောင်ရွက်ရန် လျာထားသည့်လက်တွေ့လုပ်ငန်းအစီအစဉ်များ အင်တိုက်အားတိုက်အကောင်အထည် ဖော်ဆောင်ရွက်ရေးကို လင်းခေးခရိုင်တွဲဖက်အတွင်းရေးမှူးဦးစိုင်းကျော်ဌေးကထောက်ခံဆွေးနွေးသည်။



**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၄)၏ ဦးတည်ချက် (၇)ရပ်၊ ရှေ့လုပ်ငန်းစဉ်(၉)ရပ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက အကောင်အထည်ဖော်ဆောင်ရွက်မည့်ဦးတည်ချက်များ၊ အကောင်အထည်ဖော်ဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် သဘာပတိ ရှမ်းပြည်နယ် (တောင်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဉာဏ်လင်းက အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)



**လင်းခေးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးစိုင်းကျော်ဌေးက တင်ပြချက်များနှင့် စပ်လျဉ်း၍ ထောက်ခံဆွေးနွေးစဉ်။** (သတင်းစဉ်)

ဆက်လက်၍ ထူးချွန်ဆုများကို ရှမ်းပြည်နယ်(တောင်ပိုင်း)မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်ခင်မောင်မြင့်၏ဇနီး ဒေါ်ဝင်းဝင်းနု၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အမျိုးသမီးရေးရာလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြမြလွင်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးကော်မတီ အတွင်းရေးမှူး သူရဦးတင်လှတို့က အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ရှမ်းပြည်နယ်(တောင်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ရန်ပုံငွေအတွက် အလှူငွေကျပ် ၁၀သိန်းကို လွှဲပြောင်းပေးအပ်သည်။

## ဆုံးဖြတ်ချက်အတည်ပြု

ယင်းနောက် သဘာပတိက ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄)၏ ဦးတည်ချက် (၇)ရပ်၊ ရှေ့လုပ်ငန်းစဉ်(၉)ရပ်နှင့်ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်း ဆောင်ရွက်ရန်လျာထားသည့် လက်တွေ့လုပ်ငန်းများကို ရှမ်းပြည်နယ် (တောင်ပိုင်း) ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအနေဖြင့် ဆက်လက်၍အကောင်အထည်ဖော်ဆောင်ရွက်ကြရန်ဆုံးဖြတ်အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် အစည်းအဝေးကို ကြွေးကြော်သံများဖြင့် နံနက် ၁၀ နာရီ မိနစ် ၅၀တွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**



# လျှပ်စစ်နှင့်စက်သုံးဆီသုံးစွဲမှုကြီးကြပ်စစ်ဆေးရေးကော်မတီဥက္ကဋ္ဌ စက်သုံးဆီရောင်းချမှုနှင့်ဝန်ကြီးဌာနများလျှပ်စစ်မီးသုံးစွဲမှုစစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၃၀

**လျှပ်စစ်နှင့်စက်သုံးဆီသုံးစွဲမှု ကြီးကြပ်စစ်ဆေးရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်တင်ထွတ်၊ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ဒုတိယတပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်ဝင်းမြင့်၊ ပို့ဆောင်ရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ညနေပိုင်းတွင် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၏စက်သုံးဆီအရောင်းဆိုင်များ၌ စက်သုံးဆီရောင်းချမှု အခြေအနေများနှင့်ဝန်ကြီးဌာနများ၌ လျှပ်စစ်မီးသုံးစွဲမှု မှန်ကန်မှုရှိမရှိတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။**

ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် ညနေ ၄ နာရီခွဲတွင် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံထွက် ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၏တာမွေ မြို့နယ်ရှိ စက်သုံးဆီ အရောင်းဆိုင် အမှတ် (၀၂၂၈)၌ စွမ်းအင်ဝန်ကြီး ဌာနမှ စက်သုံးဆီပေးပို့မှု အခြေအနေ၊ ပေးပို့သော စက်သုံးဆီများကို မော်တော်ယာဉ်များအား ခွဲဝေရောင်းချနေမှု၊ ရောင်းချပြီး စက်သုံးဆီနှင့် လက်ကျန်စက်သုံးဆီ ကိုက်ညီမှု ရှိမရှိ နှင့်စက်သုံးဆီရောင်းချမှု စာရင်းတို့ကို ကြည့်ရှုစစ်ဆေးပြီး ယာဉ်ပိုင်ရှင်များ အား ရရှိသည့် စက်သုံးဆီအပြည့်အဝ ရရှိမှု ရှိမရှိကို မေးမြန်းသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့်အဖွဲ့ဝင်များသည် ရန်ကင်း မြို့နယ်ရှိ စက်သုံးဆီ အရောင်းဆိုင် အမှတ် (၀၂၃၂)သို့ သွားရောက်ကာ စက်သုံးဆီရောင်းချမှုနှင့် ရောင်းချပြီး လက်ကျန်စက်သုံးဆီ စာရင်းကိုက်ညီမှု ရှိမရှိတို့ကို တိုင်းတာကြည့်ရှု စစ်ဆေးကြပြီး **(အပေါ်ပုံ)** တာဝန်ရှိသူများအား လိုအပ်ချက်များကို မှာကြားသည်။

### အပိုမသုံးရန်မှာကြား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့်အဖွဲ့ဝင်များသည် ရန်ကင်း မြို့နယ်ရှိ သတ္တုတွင်း ဝန်ကြီးဌာန ဝန်ကြီးရုံးသို့ သွားရောက်ကြ၍ လျှပ်စစ်သုံးစွဲမှုနှင့်ပတ်သက်၍ညွှန်ကြား ချက်များအပေါ်လိုက်နာမှု ရှိမရှိကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းထမ်းဆောင် ရာတွင် လိုအပ်သော လျှပ်စစ်မီးမှလွဲ၍ အပိုသုံးစွဲမှု မပြုကြရန်မှာကြားသည်။

### လှည့်လည်စစ်ဆေး

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့်အဖွဲ့ဝင်များသည်ရန်ကင်း မြို့နယ်ရှိ သစ်တောရေးရာ ဝန်ကြီးဌာန ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနအောက် ရှိ ရုံးအဆောက်အအုံများ၌ လည်း ကောင်း၊ သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီးရုံး၌လည်းကောင်း လျှပ်စစ်မီး သုံးစွဲမှု အခြေအနေများကို ဌာနခွဲများ အလိုက် လှည့်လည်ကြည့်ရှုစစ်ဆေး ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့်အဖွဲ့ဝင်များသည်ကမ္ဘာအေး စေတီလမ်းရှိ အမှတ်(၂) စက်မှုဝန်ကြီး ဌာနသို့ သွားရောက်၍ လျှပ်စစ်မီး သုံးစွဲမှု အခြေအနေများကို လှည့်လည် ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ အား လိုအပ်သည်များ မှာကြားညွှန်ကြားပြီး ဆောင်ရွက်ပေးပြီးညပိုင်းတွင်ပြန်လည် ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

## သတိပေးနှိုးဆော်ချက်

၁။ ရန်ကုန်မြို့တော်အား မြို့တော်အင်္ဂါရပ်များနှင့်လျော်ညီစွာသာယာ လှပစေပြီး ပြည်သူများအပန်းဖြေအနားယူနိုင်ရန် ပန်းခြံများ၊ ကန်ပေါင်များ၊ သစ်ပင်များ၊ မြက်ခင်းများ၊ ပန်းအလှပင်များအား နိုင်ငံတော်ဘဏ္ဍာငွေမှ ငွေကြေးမြောက်မြားစွာ အကုန်အကျခံ၍ တည်ဆောက်ပေးလျက်ရှိပါသည်။

၂။ ပြည်သူများစိတ်နှလုံးချမ်းမြေ့စွာ အပန်းဖြေအနားယူနိုင်ရန် ပန်းခြံများ နှင့်ကန်ပေါင်များတွင် မြက်ခင်းများ၊ သစ်ပင်ပန်းခင်းများ၊ ထီးများ၊ ထိုင်ခုံများ၊ တံတားများ၊ မီးလုံးမီးဆိုင်းများနှင့် အခြားလိုအပ်သော ပစ္စည်းများ အားတပ်ဆင်ထားရှိပါသည်။

၃။ သို့ရာတွင် ပြည်သူများအပန်းဖြေရန် ပြုလုပ်ပေးထားသည့်ပစ္စည်းများ အား စည်းကမ်းမဲ့သော ပြည်သူအချို့ကြောင့် ပျက်စီးခဲ့ရပြီး ၂၀၀၃-၂၀၀၄ နှစ်သစ်ကူးကာလရက်များအတွင်း အပျော်လွန်ကဲ ၍သော်လည်းကောင်း၊ မူးယစ်ရမ်းကား၍သော်လည်းကောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ဖျက်ဆီးခဲ့၍ ပြည်သူပိုင်ပစ္စည်း ကာကွယ်ရေးဥပဒေပုဒ်မ-၆(၁)အရ တရားခံခုနစ်ဦးအား အရေးယူ ခဲ့ရပါသည်။

၄။ ထို့ကြောင့် ၂၀၀၄-၂၀၀၅ နှစ်သစ်ကူးရက်များအတွင်း အင်းလျား ကန်ပေါင်ရှိ ကမ္ဘာအေးဘုရားလမ်းဘက်ခြမ်းနှင့် ပြည်လမ်းဘက်ခြမ်း နေရာများ၊ ကန်တော်ကြီးဥယျာဉ်နှင့် ပြည်သူလူထုအပန်းဖြေရန် ဆောက်လုပ်ထားသည့် ဥယျာဉ်၊ ပန်းခြံများအား နေ့စဉ်နံနက် ၄နာရီမှည၉နာရီအထိသာ အပန်းဖြေအနားယူခွင့်ပြုမည်ဖြစ်ပြီး ကျန်အချိန်များ ပိတ်ထားမည်ဖြစ်ပါသည်။

၅။ ထိုနည်းတူ မြို့တော်သာယာလှပစေရေးအတွက် ပြည်သူများအပန်း ဖြေရန်နှင့် ကျန်းမာရေးလေ့ကျင့်ခန်းများပြုလုပ်နိုင်ရန် ဆောင်ရွက် ထားသည့်လမ်းများ၊ သစ်ပင်များ၊ မြက်ခင်းများ၊ထီးများ၊ ထိုင်ခုံများ၊ မီးလုံးမီးဆိုင်းများ၊ ဆိုင်းဘုတ်များစသည်တို့အား ပျော်ရွှင်မှုလွန်ကဲ ၍သော်လည်းကောင်း၊ မူးယစ်ရမ်းကား၍သော်လည်းကောင်း၊ အကြောင်းအမျိုးမျိုးကြောင့်သော်လည်းကောင်း ဖျက်ဆီးပါက ယခင်နှစ်များနည်းတူ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ**

# ရွှေစင်သင်္ကန်း၊ လှူဒါန်းစေတီ၊ နိဗ္ဗာန်ရည်

ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေးလုပ်ငန်းရပ်ကြီးများမှ အစဉ်အလာ အရ ပြုမြဲဒါနဖြစ်သော ရွှေတိဂုံစေတီတော်၏လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်ရေးလုပ်ငန်းရပ်ကြီးကို ၂၀၀၅ ခုနှစ် ဇန်နဝါရီ ၁ ရက်နေ့မှ စတင်၍ ဆောင်ရွက်မည်ဖြစ်ပါသည်။

ရှေးနှစ်ပေါင်း ၂၅၀၀ ကျော်ကတည်းက တည်ထားကိုးကွယ်ခဲ့သည့်

မြန်မာနှင့် ကမ္ဘာတစ်ဝန်းဗုဒ္ဓဘာသာဝင်တို့၏ အမွန်အမြတ်သာသနာ့အောင်လံတော်

လေးဆူဓာတ်တော် ကိန်းဝပ်စံပယ်တော်မူ၍ နေတစ်ဆူ လတစ်မင်းလို ထွန်းလင်းတောက်ပ တော်မူသော ရွှေတိဂုံစေတီတော်မြတ်ကြီးအား လုံးတော်ပြည့်ရွှေစင်ရွှေပြား ရွှေသားသင်္ကန်းနှင့် ရွှေဆိုင်း၊ ရွှေမျက်ပါးသင်္ကန်းတော်များ ကပ်လှူရောင်တော်ဖွင့် ပူဇော်မည်ဖြစ်ပါသည်။

နှစ်စဉ်နှစ်တိုင်း လှူဒါန်းခွင့်မဆုံ ကြုံတောင့်ကြုံခဲဒါနပွဲကြီး ဖြစ်ပါသည်။

အနည်းဆုံး ငါးနှစ်ကျော်မှတစ်ကြိမ်သာ ပြုရခဲသည့် ရွှေတောင်ကြီးပမာ မဟာအလှူပွဲကြီးဖြစ်ပေသည်။

အခွင့်သာဆဲ ရခဲလှသော ကုသိုလ်အမျှ မြတ်ဒါနကို မပြုလိုက်ရ မရှိရအောင် နိဗ္ဗာန်ရည်မျှော် နှိုးဆော်ပါသည်။

ရွှေစင်ရွှေပြား မြတ်ရွှေသားနှင့် ရွှေဆိုင်းမျက်ပါးသင်္ကန်းများကို ပွားများသဒ္ဓါ ဖြိုးလျှံစွာဖြင့် ပူဇော်နိုင်ပါပြီ . . .

**"ရွှေလှူလျှင်ရွှေလိုလှ ဘဝအာနုဘော်**
**နောင်သံသရာလိုတာရ ဒါနသာစုခေါ်**
**မြတ်သောရွှေပြည် အဆုံးသတ် နိဗ္ဗာန်ဝင်စံပျော်**
**သဒ္ဓါယိုဖိတ် ကြည်ညိုစိတ်ဖြင့် လှူဒါန်းကြပါသော်ဝ် . . ."**

| | | |
|---|---|---|
| ရွှေဆိုင်း၊ ရွှေမျက်ပါး | (၁ X ၁)ပေ | ၄၇၅၀ ကျပ် |
| ရွှေစင်ရွှေပြား | (၁ X ၁)ပေ | ၅၈၅၀၀၀ ကျပ် (ဒိ/သား) |

**လှူဒါန်းနိုင်သောအချိန်**

**၁-၁-၂၀၀၅ ရက်မှစ၍ နေ့စဉ် နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ**

**ဆက်သွယ်လှူဒါန်းရန်လိပ်စာ**

**ဂေါပကအဖွဲ့၊ ရွှေတိဂုံစေတီတော်**
**ဖုန်း-၂၅၁၈၅၁**

**ရွှေတိဂုံစေတီတော် ထာဝရဘက်စုံ ပြုပြင်မွမ်းမံတည်ဆောက်ရေးလုပ်ငန်းကော်မတီ။**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း မြန်မာ့ရိုးရာလှေနှင့်အပြည်ပြည်ဆိုင်ရာလှေပြိုင်ပွဲဆုချီးမြှင့်

ရန်ကုန် ဒီဇင်ဘာ ၃၀

**၂၀၀၄ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ရေ၊လေ)မြန်မာ့ရိုးရာလှေ၊ အပြည်ပြည် ဆိုင်ရာလှေနှင့် ကယက်လှေလှော်ပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းဆုရရှိခဲ့သော တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု မြန်မာ့ရိုးရာ လှေအသင်း၊ ကယက်လှေအသင်းနှင့် အပြည်ပြည်ဆိုင်ရာ လှေလှော်ပြိုင်ပွဲတွင် ဒုတိယဆုရအသင်း အားကစားသမား များအား ချီးကျူးဂုဏ်ပြုပွဲအခမ်းအနားကို ဒီဇင်ဘာ၂၂ရက် မွန်းလွဲ၂နာရီခွဲက တိုင်းစစ်ဌာနချုပ် ရေဝတီခန်းမ ဆောင်၌ပြုလုပ်ရာ ရှေးဦးစွာ အသင်းအသီးသီးက ရရှိခဲ့သောတံခွန်စိုက်ဒိုင်း၊ ဆင့်ပွားဒိုင်းနှင့်ငွေဖလားအား အသင်းခေါင်း ဆောင်များက အပ်နှံကြရာ တိုင်းမှူးနှင့်ဒုတိယတိုင်းမှူးတို့က လက်ခံယူပြီးနောက် ပြိုင်ပွဲအသင်းအုပ်ချုပ်သူအရာရှိ ဗိုလ်ကြီးခင်ဝင်းက ပြိုင်ပွဲအတွေ့အကြုံများ ရှင်းလင်းတင်ပြသည်။**

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ် စိုးနိုင်က မြန်မာ့ရိုးရာလှေပြိုင်ပွဲတွင် သုံးတက်၊ ငါးတက်၊ ခုနစ်တက်၊ ကိုးတက်၊ ၂၁တက်၌ ပထမဆုရရှိခဲ့ သူများနှင့် သုံးတက်၊ ငါးတက်၊ ကိုးတက် လှေလှော်ပြိုင်ပွဲများတွင် တပ်မတော်(ကြည်း၊ရေ၊လေ)စံချိန်ချိုး သူများအား တစ်ဦးချင်း ဂုဏ်ပြုဆု များကို လည်းကောင်း၊ ကယက်လှေ ပြိုင်ပွဲ အပြည်ပြည်ဆိုင်ရာ လှေပြိုင်ပွဲ တို့တွင် ပြိုင်ပွဲဝင် အတန်းလိုက် ပထမ ဆု၊ ဒုတိယဆုနှင့် (ကြည်း၊ရေ၊ လေ) စံချိန်ချိုးဆုများကိုလည်းကောင်း၊ ဆုရ တစ်ဦးချင်းအား ဂုဏ်ပြုဆုများကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။ **(အောက်ပုံ)**

ထို့နောက် တိုင်းမှူးက ဂုဏ်ပြု အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင် အားကစားသမားများအား ဂုဏ်ပြု လက်ဖက်ရည်ပွဲဖြင့် တည်ခင်းဧည့်ခံ ကာ တစ်ဦးချင်း ရင်းရင်းနှီးနှီးလိုက်လံ အားပေးနှုတ်ဆက်သည်။ အနောက် တောင်တိုင်း စစ်ဌာနချုပ် ကိုယ်စားပြု အောင်ပွဲရ လှေလှော်ပြိုင်ပွဲအသင်း သည် ရိုးရာလှေပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၂၆ဦး၊ အပြည်ပြည်ဆိုင်ရာ လှေလှော် ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်၂၂ဦးပါဝင် ယှဉ် ပြိုင်ကြရာ မြန်မာ့ရိုးရာ လှေလှော် ပြိုင်ပွဲတွင် ရွှေတံဆိပ်(၅)ခု၊ ကယက် လှေလှော်ပြိုင်ပွဲတွင် ရွှေတံဆိပ်(၃)ခု၊ အပြည်ပြည်ဆိုင်ရာ လှေလှော်ပြိုင်ပွဲ တွင် ရွှေတံဆိပ် (၃)ခု၊ ငွေတံဆိပ် (၁)ခု ဆွတ်ခူးရရှိခဲ့ကြောင်း သိရ သည်။ **(သတင်းစဉ်)**



## မင်္ဂလာဗျူဟာ ခုနစ်ရက်တရားစခန်း

**ရန်ကုန် ဒီဇင်ဘာ ၃၀**

ဗဟန်းမြို့နယ် မင်္ဂလာဗျူဟာ အသင်းချုပ်တွင် (၂၆)ကြိမ်မြောက် ခုနစ်ရက် တရားစခန်းကို ၂၀၀၅ခုနှစ် ဇန်နဝါရီ ၂ရက်ညမှစတင်ဖွင့်လှစ်မည် ဖြစ်ရာ တရားစခန်း၌ မဟာသဒ္ဓမ္မ ဇောတိကဓဇ ဆရာကြီး ဦးသန်းနှင့် ကမ္မဋ္ဌာနာစရိယ ဆရာလေးဦးတို့က ညွှန်ကြားပြသမည်ဖြစ်သည်။

တရားစခန်းဝင်ရန်အတွက် ဖုန်း- ၃၇၀၉၅၈သို့ ကြိုတင်စာရင်းပေးကြ ရန်အမှုဆောင်အဖွဲ့က နှိုးဆော်ထား ကြောင်း သိရသည်။ **(က-ပ)**

# သိပ္ပံနှင့်နည်းပညာ ဖွံ့ဖြိုးရေးသည် အဓိက၊ သုတေသနသည် ထာဝရ

ဟိန်းထွင့်

နိုင်ငံတစ်နိုင်ငံ၏ ခေတ်မီမှုအဆင့်အတန်းနှင့် အခန်းကဏ္ဍ(Status and Role)ကို တိုင်းထွာရာတွင် နိုင်ငံ၏ သိပ္ပံနှင့်နည်းပညာရပ် မည်မျှဖွံ့ဖြိုးတိုးတက်မှုကို စံချိန်စံညွှန်းအဖြစ် အသုံးပြုလျက်ရှိရာ ခေတ်မီသိပ္ပံနှင့် နည်းပညာရပ် ပိုင်ဆိုင်မှုရရှိရေးကို အလုအယက် ကြိုးပမ်းလျက်ရှိသည်။ သိပ္ပံနှင့် နည်းပညာရပ်များ၏ တိုးတက်ပြောင်းလဲမှုများသည် မြန်ဆန်လွန်းသည့်အတွက်ကြောင့် ခေတ်နှင့်အညီ အစဉ်မပြတ် လေ့လာသင်ယူနေရန် လိုအပ်ပါသည်။ အလွန်လျင်မြန်စွာ တိုးတက်ပြောင်းလဲလျက်ရှိသည့် သိပ္ပံနှင့်နည်းပညာရပ်များ ခေတ်နှင့်အညီ လိုက်ပါနိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် နည်းလမ်းတစ်ခုဖြစ်သည့် သုတေသန (Research)တည်းဟူသော အစဉ်စူးစမ်းရှာဖွေခြင်းဖြင့် တိုးတက်လမ်းကို လျှောက်လှမ်းနိုင်မည်ဖြစ်သည်။

သုတေသနဆိုသည်မှာ သဘာဝတရားနှင့် ဖြစ်စဉ်များအား ဂရုပြုခြင်း၊ မြင်တတ်ခြင်း၊ သိမှတ်ခြင်းနှင့် လေ့လာဆည်းပူးခြင်းဖြင့် တွေ့ရှိချက်များအား ကိရိယာများ၊ ဝတ္ထုပစ္စည်းများနှင့် နည်းစဉ်သစ်များတွင် အသုံးချခြင်း၊ သို့မဟုတ် လက်ရှိတည်ဆဲအရာများ ပို၍ ကောင်းသည်ထက်ကောင်းရန် ကြိုးပမ်းခြင်းဖြစ်သည်။ ခက်ခဲနက်နဲပြီး ရှုတ်ထွေးလက်တွေ့ အသုံးပြုနိုင်သော အဖြေမရှိသေးသည့် ကိစ္စရပ်များအား ဖြေရှင်းရန်အတွက် သိမြင်နားလည်လွယ်သော လူသား၏ အသိပညာများဖြင့် နည်းစနစ်မှန်ကန်စွာ အသုံးပြုခြင်းနှင့် အလေ့အကျင့်ပြုလုပ်ပေးခြင်း စသည့် လုပ်ဆောင်မှုတို့သည် သုတေသနပင်ဖြစ်သည်။

သုတေသနလုပ်ငန်းများအား အဓိကအားဖြင့် အခြေခံသုတေသန(Basic Research)နှင့် အသုံးချသုတေသန (Applied-Research)ဟူ၍ ခွဲခြားနိုင်သည်။ အခြေခံသုတေသနအား တက္ကသိုလ်၊ ကောလိပ်များတွင် ဘွဲ့ယူ၊ ဘွဲ့လွန်သုတေသနစာတမ်း(Thesis)များ ရေးသားပြုစုရန်အတွက်(Academic-Year)ဟု သတ်မှတ်သော ပညာသင်နှစ်အတွင်း သုတေသနလုပ်ငန်းများ (Academic-Research)တွင် ဆောင်ရွက်စေခြင်းဖြစ်သည်။ အသုံးချသုတေသနသည် အခြေခံသုတေသနလုပ်ငန်းမှ တွေ့ရှိချက်များအား ကျယ်ပြန့်စွာ တိုးချဲ့၍ ထူးခြားသည့် ပစ္စည်းများ၊ နည်းစဉ်များအား ကြံစည်ကြိုးပမ်းဖော်ထုတ် သုတေသနပြုခြင်း ဖြစ်သည်။ သိပ္ပံနည်းကျ စူးစမ်းလေ့လာမှုများကို လက်တွေ့အသုံးပြု လုပ်ဆောင်ခြင်းဖြင့် တွေ့ရှိချက်များအပေါ် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်သည့် နည်းပညာများ ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ပေးသည့်၊ သို့မဟုတ် တီထွင်ပေးသည့် လုပ်ငန်းသည် သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်း (Research and Development-R & D )ပင် ဖြစ်သည်။ သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများကို အများဆုံးပြုလုပ်သည့် လုပ်ငန်းနယ်ပယ်ရပ်များမှာ ဇီဝနည်းပညာ၊ အီလက်ထရွန်နစ်နှင့် အင်ဂျင်နီယာ နယ်ပယ်များ ဖြစ်ရာ သုတေသန လုပ်ငန်းများသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အလုပ်အကိုင် ဖန်တီးမှုတို့အတွက် အဓိကအရေးပါကြောင်း လေ့လာတွေ့ရှိရသည်။

သုတေသနလုပ်ငန်းတိုင်းသည် တစ်ဆင့်ပြီးတစ်ဆင့် လုပ်ဆောင်ကြရခြင်း ဖြစ်သည်။ ဓာတ်ခွဲခန်း သုတေသနပြုခြင်း (Laboratory-Research)၊ အောင်မြင်သည်နှင့် ဖွံ့ဖြိုးမှုသုတေသန (Development-Research)၊ ရှေ့ပြေးစမ်းသပ် စက်ရုံသုတေသန (Pilot Plant-Research)တို့ အဆင့်ဆင့် လုပ်ဆောင်ရမည်ကို လုပ်ဆောင်မှုမပြုဘဲ ကျော်ဖြတ်ပြီး ကုန်ထုတ်လုပ်သော စက်ရုံအဆင့် (Commercial Stage)ကို တက်လှမ်းလုပ်ဆောင်မည်ဆိုပါက အခက်အခဲအမျိုးမျိုးနှင့် ကြုံတွေ့ရမည်ဖြစ်ပေသည်။ အဆိုပါ အခက်အခဲများကို ဖြေရှင်းနိုင်ရန်အတွက် သုတေသနလုပ်ဆောင်သူ သုတေသီပညာရှင်တစ်ဦးသည် A.E.I.O.U ဖြစ်သော တက်ကြွနိုးကြားသော စိတ်ဓာတ်နှင့် အပြုအမူ (Active)၊ လုပ်ငန်းတွင် အားစိုက်ခွန်စိုက် လုပ်ဆောင်မှု (Energetic)၊ လုပ်ငန်းအပေါ်စိတ်ဝင်စားမှု (Interest)၊ မိမိလုပ်ငန်းနှင့် ပတ်သက် ယှက်နွယ်သည်များကို မြင်သိလေ့လာလိုမှု (Observe)နှင့် ပူးပေါင်းဆောင်ရွက်မှု(Unite)တို့ ရှိရန်လိုအပ်သည်။ အချုပ်အားဖြင့်ဆိုသော် သုတေသီပညာရှင်တစ်ဦးသည် တီထွင်အတွေး (Creative Thinking) ရှိနေရန်ပင် ဖြစ်သည်။ ထို့ကြောင့်–

**"စိတ်ကူးခြင်းသည် တီထွင်ခြင်း၏အစဖြစ်သည်။ သင်ဆန္ဒရှိရာကို သင်စိတ်ကူး၏။ (စိတ်ကူးကမ္ဘာထဲတွင်) သင်စိတ်ကူးသည့်အတိုင်း သင်ဖြစ်နေလိမ့်မည်။ နောက်ဆုံး၌ သင်ဖြစ်လာမည့် အနေအထားကို သင်တီထွင်၏။"**

ဟု ဂျော့ဘားနတ်ရှောက အဆိုပြုထားပါသည်။

အမျိုးသားစီးပွားရေး ဖွံ့ဖြိုးမှုစီမံကိန်းများကို အထောက်အကူဖြစ်စေမည့် ပြည်တွင်းသယံဇာတ ပစ္စည်းများကို ပိုမိုထုတ်လုပ်နိုင်ရေးနှင့် ခေတ်မီ သိပ္ပံနှင့်နည်းပညာကို အခြေခံသည့် စက်မှုကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးချဲ့တည်ထောင်နိုင်ရေးတို့အတွက် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို ဆောင်ရွက်ကြရပါသည်။ မြန်မာနိုင်ငံတွင် သဘာဝအရင်းအမြစ် တွင်းထွက်သယံဇာတများ(materials)ဟု သတ်မှတ်သည့် သဘာဝစွမ်းအားအရင်းအမြစ်များ၊ သယံဇာတ တွင်းထွက်ပစ္စည်းများ၊ စက်မှုလုပ်ငန်း၊ လယ်ယာလုပ်ငန်းမှ ဘေးထွက်ပစ္စည်းများ စသည်တို့သည် ပြည်တွင်းတွင် ဖူလုံစွာ အသုံးချနိုင်သည့် အနေအထားရှိသည်။ သို့သော် သယံဇာတပစ္စည်းများ လျော့နည်းအသုံးပြုနိုင်ရေး၊ အစားထိုး အသုံးပြုနိုင်ရေးတို့အတွက် အစဉ်ထာဝရ သုတေသနပြုလုပ်သွားရန် လိုအပ်ပါသည်။ စက်မှုထွန်းကားသော နိုင်ငံတို့၏ ဓနအင်အားသည် သဘာဝ သယံဇာတပစ္စည်းများကို ပိုင်ဆိုင်သည်ထက် အသိဉာဏ်ပညာ၊ နည်းပညာကျွမ်းကျင်မှုတို့အပေါ် အခြေခံကျကြောင်း အာရှဒေသ၌ပင် နမူနာပြအပ်သည့် နိုင်ငံအတော်များများရှိသည်ကို တွေ့ရပါသည်။

နိုင်ငံတော်မှ သိပ္ပံနှင့်နည်းပညာဆိုင်ရာ ပြည်ပသုတေသနဌာနများ၊ အဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်နိုင်ရန် အစီအစဉ်များ ချမှတ်ဆောင်ရွက်ပေးလျက် ရှိပါသည်။ ပြည်တွင်း၌ သွင်းကုန်အစားထိုး စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာစေရန် ပန်းပဲဖိုအဆင့်မျိုးမှ ခေတ်မီစက်ကိရိယာများ သုံးစွဲပြီး အရည်အသွေးရှိသည့် ပစ္စည်းကောင်းများ ထုတ်လုပ်စေရန်ဟူသော ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းတည်ထောင်ထားပေးခဲ့သည့် စက်မှုဇုန်များရှိ စက်မှုလုပ်ငန်းများတွင် တွေ့ကြုံရသော ကုန်ထုတ်လုပ်မှုနည်းပညာ၊ အခက်အခဲများနှင့် ပြဿနာများ ကူညီဖြေရှင်းပေးရေးကို ဦးတည်သည့် သုတေသနနှင့်ဖွံ့ဖြိုးမှုလုပ်ငန်းများ လုပ်ဆောင်လျက်ရှိပါသည်။ စက်မှုဇုန်များရှိ စက်ရုံ၊ အလုပ်ရုံများအနေဖြင့်လည်း စွမ်းအားရှိသလောက် သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းငယ်များ ဖွဲ့စည်းထားရှိပြီး သိပ္ပံနှင့်နည်းပညာကို အခြေခံသော သုတေသနလုပ်ငန်းများ၊ လက်တွေ့အသုံးချနိုင်သော သုတေသနလုပ်ငန်းများ ဆောင်ရွက်သင့်ပါသည်။

**သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများ အောင်မြင်ရန်အတွက် သိပ္ပံနှင့်နည်းပညာဆိုင်ရာ ပြည်တွင်းပြည်ပ ဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊ နှီးနှော ဖလှယ်ပွဲများ၊ စာတမ်းဖတ်ပွဲများ ကျင်းပရေး၊ တက်ရောက်ရေးတို့အတွက် တာဝန်ရှိသူတို့က လမ်းညွှန်အကောင်အထည်ဖော်လျက် ရှိပါသည်။ နိုင်ငံတော်က သိပ္ပံနှင့်နည်းပညာနယ်ပယ်တွင် ထူးချွန်သော ပညာရှင်များ၊ တီထွင်သူများအား သတ်မှတ်ချက်နှင့်အညီ ဆုငွေချီးမြှင့်ခြင်း၊ ဂုဏ်ထူးဆောင်ဘွဲ့များ၊ တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းတို့ဖြင့် သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေလျက် ရှိပါသည်။**

သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ်မည့် ခေတ်မီသည့် ဓာတ်ခွဲခန်းသုံးပစ္စည်းကိရိယာများ (Equipments, Instruments)၊ ရှေ့ပြေးစမ်းသပ်စက်ရုံ (Pilot Plant) သုံးစက်ပစ္စည်းကိရိယာများ စသည့် ရင်းနှီးရမည့် ငွေကြေးပမာဏ များပြားသည့်အလျောက် အထောက်အကူပြု ပစ္စည်းကိရိယာများ ပြည့်စုံရေးအတွက် စီမံကိန်းချ ဆောင်ရွက်သွားရန် လိုအပ်ပါမည်။ ငွေကုန်ကြေးကျများသည့် သုတေသနလုပ်ငန်းများတွင် နိုင်ငံတော်၏ ဗဟိုသုတေသနနှင့် ဝန်ကြီးဌာနအသီးသီးရှိ သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများသာမက စက်မှုဇုန်များ၊ ပုဂ္ဂလိကကုမ္ပဏီများ၊ သမဝါယမအသင်းအဖွဲ့များပါ သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများအတွက် ငွေကြေးရင်းနှီးမြှုပ်နှံ လုပ်ဆောင်ရန် လိုအပ်သည်။

သုတေသနလုပ်ငန်းများအတွက် ကုန်ကျငွေများကို ပြန်လည်ရရှိနိုင်သော နည်းလမ်းမှာ မိမိစမ်းသပ်အောင်မြင်မှုရရှိထားသည့် နည်းပညာတီထွင်မှုကို နှစ်ဖက်သဘောတူ စာချုပ်ဖြင့် ပြည်တွင်းတွင် ရောင်းချခြင်း၊ သို့မဟုတ် အခကြေးငွေရယူပြီး နှစ်အကန့်အသတ်ဖြင့် အသိဉာဏ်ပစ္စည်းဆိုင်ရာ ကွန်ဖင်းရှင်းများ၊ စာချုပ်များနှင့်အညီ အကောင်အထည်ဖော်ရာ ရောက်ပေမည်။

အချိန်သည်ငွေ (Time is Money)ဆိုသည့်အတိုင်း သုတေသနလုပ်ငန်းများ ဆောင်ရွက်ရာတွင် ငွေသာ အရေးကြီးသည်မဟုတ်၊ အချိန်သည်လည်း အဓိက ကျသည်။ သုတေသနလုပ်ငန်းတစ်ခုအတွက် အချိန်ကြာသည်နှင့်အမျှ ငွေကြေးကုန်ကျမှု ပိုမိုများပြားမည်ဖြစ်သည့်တိုင် အချိန်ကို လျှော့လိုတိုင်းလျှော့၍ မဖြစ်နိုင်ပေ။ အလားတူပင် လူအင်အားတိုးတက်သည့်အတွက် လုပ်ချိန် (Men Hours) တိုးလာပြီး အတိုင်းအတာတစ်ခုအထိ သုတေသနလုပ်ငန်း တိုးတက်မြန်ဆန်လာမည်ဖြစ်သော်လည်း ထိုအတိုင်းအတာထက် ကျော်လွန်သွားလျှင်မူ လူအင်အားတိုးလုပ်ဆောင်သည်နှင့်အမျှ လုပ်ငန်းအောင်မြင်မှုတိုးတက်မှုသည် တစ်ပြေးညီတိုးတက်လာနိုင်ရန် ခက်ခဲပါမည်။ နှစ်ဆတိုးလုပ်၍ အချိန်တစ်ဝက်စော ပြီးနိုင်မည်ဟု ယူဆ၍မရနိုင်ပေ။ အချိန်နှင့်ပတ်သက်၍လည်း သုတေသနလုပ်ငန်းတစ်ခုကို အောင်မြင်မှုမရ၍ မြန်မြန်လက်လျှော့လိုက်ပါက အမှားတစ်ခုကိုကျူးလွန်မိသကဲ့သို့ ဖြစ်သွားပါလိမ့်မည်။ တူဖြင့် အကြိမ်တစ်ထောင်ထုလျှင် ကွဲအက်သွားမည့် ကျောက်တုံးတစ်တုံးကို ကိုးရာကိုးဆယ့်ကိုးကြိမ်ထုပြီး စိတ်လျှော့၍ တူကိုလွှင့်ပစ်လိုက်သည့် ကျောက်ထုသမားကဲ့သို့ ဖြစ်မည်ကို သုတေသနသမားတိုင်း သဘောပေါက်မည်ဖြစ်သည်။

ယနေ့ ၂၁ရာစုနှစ် အစဦးပိုင်းမှာပင် ကမ္ဘာပေါ်တွင် ခေတ်ပေါ်သိပ္ပံနှင့်နည်းပညာရပ်များ၏ တိုးတက်ပြောင်းလဲမှုများသည် မြန်ဆန်လွန်းလျက်ရှိရာ တီထွင်သူ(Inventor)တို့၏ ခေတ်ကိုကျော်၍ အသစ်အဆန်းတို့ သွတ်သွင်းတီထွင်ပြုပြင်ပြောင်းလဲသည့်လမ်းထွင်သူ (Innovators)တို့၏ခေတ်ကို ရောက်နေပြီဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် မိမိနိုင်ငံ နောက်ကျမကျန်ရအောင် ကြိုးပမ်းရမည့် အချိန်အခါရောက်ရှိနေပြီဖြစ်သည့်အလျောက် နိုင်ငံတကာ ပြုပြင်ပြောင်းလဲမှုများနှင့်အညီ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို လက်တွေ့ ဖော်ဆောင်ပေးမည့် သိပ္ပံနှင့်နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုအတွက် ရှာဖွေ စူးစမ်းတိုးတက်လမ်းဖြစ်သည့် သုတေသနနှင့်ဖွံ့ဖြိုးမှုလုပ်ငန်းများကို ထာဝရအရှိန်အဟုန်မြှင့် ဦးစားပေးလုပ်ဆောင်လျက်ရှိရာ စက်မှုဇုန်များ၊ ပုဂ္ဂလိကကုမ္ပဏီများ၊ သုတေသနပညာရှင်များကလည်း ပူးပေါင်းဆောင်ရွက်သွားကြရန် ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

**သုတေသနနှင့်ဖွံ့ဖြိုးမှုလုပ်ငန်းများ အောင်မြင်ရန်အတွက် သိပ္ပံနှင့်နည်းပညာဆိုင်ရာ ပြည်တွင်းပြည်ပ ဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊ နှီးနှောဖလှယ်ပွဲများ၊ စာတမ်းဖတ်ပွဲများ ကျင်းပရေး၊ တက်ရောက်ရေးတို့အတွက် တာဝန်ရှိသူတို့က လမ်းညွှန်အကောင်အထည်ဖော်လျက် ရှိပါသည်။ နိုင်ငံတော်က သိပ္ပံနှင့်နည်းပညာနယ်ပယ်တွင် ထူးချွန်သော ပညာရှင်များ၊ တီထွင်သူများအား သတ်မှတ်ချက်နှင့်အညီ ဆုငွေချီးမြှင့်ခြင်း၊ ဂုဏ်ထူးဆောင်ဘွဲ့များ၊ တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းတို့ဖြင့် သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေလျက်ရှိပါသည်။**

သုံးစွဲစေခြင်းတို့ ဖြစ်ပါသည်။ တီထွင်မှုဆိုသည်မှာ နည်းပညာနယ်ပယ်တွင် တည်ရှိနေသော ပြဿနာတစ်ရပ်ကို လက်တွေ့ဖြေရှင်းနိုင်စွမ်းရှိသည့် တီထွင်သူ၏ စိတ်ကူးဉာဏ်ဖြင့် ဖန်တီးမှုကို ဆိုသည်။ တီထွင်မှုနည်းပညာကို တီထွင်မှု မူပိုင်ခွင့်ဥပဒေနှင့်အညီ လွှဲပြောင်းပေးခြင်းသည် နည်းပညာလွှဲပြောင်းမှုပင်ဖြစ်သည်။ သိပ္ပံနှင့်နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေရန်၊ တီထွင်မှုများ တိုးတက် လုပ်ဆောင်လာစေရေးကို အားပေးရန်နှင့် ကုန်ထုတ်လုပ်မှု တိုးတက်ရေးနှင့် ကုန်ပစ္စည်းအရည်အသွေး မြင့်မားရေးတို့အတွက် နည်းပညာလွှဲပြောင်းရေးကို အထောက်အကူဖြစ်စေရန်ဟူသော ရည်ရွယ်ချက်ဖြင့် ရှေးဦးတီထွင်သူတို့အား တီထွင်မှုမူပိုင်ခွင့် ထုတ်ပေးနိုင်မည်ဆိုပါက တီထွင်မှုမူပိုင်ခွင့်ပိုင်ရှင်၏ အကျိုးစီးပွားကို ဥပဒေကြောင်းအရ ကာကွယ်မှုပေးနိုင်ခြင်းဖြင့် မြန်မာနိုင်ငံက လက်ခံထားသော

**ရေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှုလွယ်ကူချောမွေ့စေရေး အတွက် စိန်ကြီး–ကျုံပေါ ကျောက်ချောလမ်းခင်းရန် ကျောက်များ စုဆောင်းထားရှိမှုကို ဒီဇင်ဘာ ၆ ရက်က အမှုဆောင်အရာရှိ ဦးထွန်းထွန်းနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) မြို့ပြ ဦးမိုးရန်နိုင်တို့ ကြည့်ရှုစစ်ဆေးကြစဉ်။** (မြို့နယ်စည်ပင်)



## လွှတ်လပ်ရေးနေ့အကြို ကျိုက္ကလီမြို့၌ဟောပြော

**သံတွဲ ဒီဇင်ဘာ ၂၀**

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ဟောပြောပွဲကို သံတွဲခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ဒီဇင်ဘာ ၁၃ရက် နံနက် ၁၀နာရီက ကျိုက္ကလီမြို့ အခြေခံပညာအထက်တန်းကျောင်း ရွှေကိန္နရီခန်းမ၌ကျင်းပသည်။

ဟောပြောပွဲတွင်(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ဦးတည်ချက်များကို သံတွဲခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးတင့်ရွှေက ရှင်းလင်းဟောပြောသည်။ **(ခရိုင် ပြန်/ဆက်)**



**ဒီဇင်ဘာ ၁၀ရက်က ပဲခူးတိုင်း(အနောက်ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်၊ ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးစိုးသန်းနှင့် တာဝန်ရှိသူများက ပေါင်းတလည်–ခွေးရဲကျေးလက်လမ်း ကျောက်ချောခင်းရန် ကျောက်စုဆောင်းမှု အခြေအနေကို ကြည့်ရှုစစ်ဆေးကြစဉ်။** (မြို့နယ်စည်ပင်)

## မိုင်းတုံမြို့၌ ကျောက်ချောလမ်း ပြုပြင်ဆောင်ရွက်

**မိုင်းတုံ ဒီဇင်ဘာ ၂၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄–၂၀၀၅ခု ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့် ဖာချယ်–ဟောင်လီသွားကျေးလက် ကျောက်ချောလမ်း ပြုပြင်ခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၁၅ရက်က ဆောင်ရွက်ခဲ့ရာ မြို့နယ်အမှုဆောင်အရာရှိ ဦးသိန်းမင်းနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးတင်မြင့်တို့က ကြီးကြပ် ဆောင်ရွက်ပေးကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**



ရေစကြိုမြို့နယ် ဓီးတော စံပြကျေးရွာတွင် အလှူရှင်ဦးတင်စိုး-ဒေါ်ဌေးအောင်တို့ လှူဒါန်းသော အလှူငွေကျပ် ၂၃ သိန်းဖြင့် ဆောက်လုပ်လျက်ရှိသည့် ကျေးရွာ ဆေးပေးခန်းနှင့် စာကြည့်တိုက်ကို တွေ့ရစဉ်။

(မြို့နယ် ပြန်/ဆက်)

## ရွှေဘိုမြို့နယ် ကျေးရွာစာကြည့်တိုက်ဖွင့် ရည်ရွယ်ချက်ရှင်းလင်း၊ စာအုပ်များလှူဒါန်း

**ရွှေဘို ဒီဇင်ဘာ ၁၅**

ရွှေဘိုမြို့နယ် ပိတ္တောကျေးရွာ လောကအလင်းရောင် ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက် ဖွင့်ပွဲကို ဒီဇင်ဘာ ၂ရက် နံနက် ၉နာရီက အဆိုပါ စာကြည့်တိုက် အဆောက်အအုံတွင် ကျင်းပသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ရှေးဦးစွာ လောကအလင်းရောင် စာကြည့်တိုက်ကို ခရိုင်ဦးစီးအရာရှိ ဦးအုန်းသန်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၂) ဦးအောင်မြင့်နောင်နှင့် စာကြည့်တိုက်ဥက္ကဋ္ဌ ဆရာတော်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဖွင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အဖွဲ့ဝင်(၂) ဦးအောင်မြင့်နောင်က အမှာစကား ပြောကြားပြီး ခရိုင်ဦးစီးအရာရှိက စာကြည့်တိုက်များ ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

**စာအုပ်များ ပေးအပ်**

ထို့နောက် ဒုတိယ ဦးစီးမှူး ဒေါ်မြင့်မြင့်ခိုင်က စာကြည့်တိုက် ရေရှည်တည်တံ့ရေးအတွက် ဆွေးနွေးဟောပြောပြီး အလှူရှင်များက စာအုပ်များ ပေးအပ်လှူဒါန်းကြသည်။ **(ခရိုင် ပြန်/ဆက်)**

**ကျေးလက် တစ်ခွင် ဖွံ့ဖြိုး စည်ပင်**

## သပိတ်ကျင်းမြို့နယ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့် အလှူငွေနှင့် စာအုပ်စာတမ်းများ ပေးအပ်လှူဒါန်း

သပိတ်ကျင်း ဒီဇင်ဘာ ၁၈

**ကျေးလက်နေပြည်သူများ အသိပညာဗဟုသုတ မြင့်မားတိုးပွားစေရန် ပြင်ဦးလွင်ခရိုင် သပိတ်ကျင်းမြို့နယ် လမ်းလယ်ကျစ်ကျေးရွာ ကိုယ့်အားကိုယ်ကိုး ရွှေရတနာ စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၄ ရက် နံနက် ၉နာရီက အဆိုပါ ကျေးရွာရုံးတွင်ကျင်းပရာ ဒုတိယဗိုလ်မှူးကြီးမြင့်လွင်နှင့် မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းဝင်းတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ (အောက်ပုံ)**

**အမှာစကားပြောကြား**

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌဦးသိန်းဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးညွန့်ရွှေက စာကြည့်တိုက် ဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ ရှင်းလင်းပြောကြားသည်။

**ပေးအပ်လှူဒါန်း**

ဆက်လက်၍ စာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဒုတိယဗိုလ်မှူးကြီးမြင့်လွင်က ငွေကျပ် ၂၀၀၀၀၊ မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းဝင်းက ငွေကျပ် ၁၀၀၀၀၊ ညောင်ပင်သာရွာ ဥက္ကဋ္ဌ ဦးဇော်နိုင်က ငွေကျပ် ၅၀၀၀၊ ဦးအောင်ဌေးက ငွေကျပ် ၃၀၀၀၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာန ဦးစီးမှူး ဒေါက်တာတင်ဦးက ငွေကျပ် ၆၀၀၀ တန်ဖိုးရှိစာအုပ်စာတမ်းများ၊ မြို့နယ် ဦးစီးမှူးက ငွေကျပ် ၅၀၀၀ တန်စာအုပ်များ၊ ဆရာဦးအောင်တင့် (ဇရပ်ကွင်းရွာ)က ငွေကျပ် ၅၀၀၀ တန် စာအုပ်များနှင့် ဒေါ်ခင်သန်းဝင်း (လမ်း လယ်ကျစ်ရွာ)ကငွေကျပ် ၅၀၀၀ တန်ဖိုးရှိ စာအုပ်စာတမ်းများ ပေးအပ်လှူဒါန်းကြရာမြို့နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။ **(မြို့နယ် ပြန်/ဆက်)**



## မိုင်းရှူးမြို့နယ်၌ ကျေးရွာစာကြည့်တိုက်များဖွင့်

**မိုင်းရှူး ဒီဇင်ဘာ ၁၀**

မိုင်းရှူးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဝမ်ဆော့ကျေးရွာအုပ်စုတွင် အားမာန်သစ် စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၂ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးတင့်ကျော်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၂) ဦးငွေသောင်းနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းမောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ဝဲပုံ)**

**ပေးအပ်လှူဒါန်း**

ထို့နောက် စာအုပ်လှူဒါန်းပွဲကို ဆက်လက်ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အလှူရှင်များက စာအုပ် ၁၁၂အုပ် ပေးအပ်လှူဒါန်းကြသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

အလားတူ ပန်စွဲကျေးရွာအုပ်စုတွင် အလင်းရောင်စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၄ရက်ကကျင်းပရာ ကျေးရွာအုပ်စုအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုင်းဆန်ဆော၊ အခြေခံပညာ မူလတန်းကျောင်းအုပ် ဆရာမကြီး ဒေါ်နန်းစိန်ဝါနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူးဦးဝင်းမောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ထို့နောက် စာအုပ်လှူဒါန်းပွဲကို ဆက်လက်ကျင်းပရာ အလှူရှင်များက စာအုပ် ၁၀၈အုပ်ကို ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## မိုင်းဖြတ်မြို့ ရေပေးရေး အုတ်ကန်တည်ဆောက်မှု ကွင်းဆင်းစစ်ဆေး

**မိုင်းဖြတ် ဒီဇင်ဘာ ၂၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ် စည်ပင်သာယာရေး အဖွဲ့က မြို့ရေပေးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၄ ရက်က မြို့နယ်အမှုဆောင်အရာရှိ ဦးကိုကိုသည် ဈေးတန်းရပ်ကွက်သစ်တွင် တည်ဆောက်လျက်ရှိသော မြို့ရေပေးရေး အုတ်ကန်တည်ဆောက်မှု အခြေအနေများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်းသိရသည်။ **(အောက်ပုံ)**

**(ခရိုင် ပြန်/ဆက်)**





## မင်းကင်းမြို့နယ် ဖိုးရာဇာစာကြည့်တိုက်ဖွင့် ရည်ရွယ်ချက်နှင့် ရေရှည်တည်တံ့ရေးဟောပြော

**မင်းကင်း ဒီဇင်ဘာ ၁၈**

မင်းကင်းမြို့နယ် ပသေးကျေးရွာအုပ်စု၌ ဖိုးရာဇာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၃၀ရက် နံနက်က ကျင်းပရာ မြို့နယ်အတွင်းရေးမှူး ဦးရွှေထွန်း၊ မြို့နယ်ပညာရေးမှူး ဒေါ်ခင်စန်းနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်သန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

**ဟောပြော**

ဆက်လက်၍ မြို့နယ် အတွင်းရေးမှူး ဦးရွှေထွန်းက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးအောင်သန်းက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကိုလည်းကောင်း၊ မြို့နယ်ပညာရေးမှူး ဒေါ်ခင်စန်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်မှူးဦးမောင်မောင်အေးတို့က စာကြည့်တိုက်ရေရှည်တည်တံ့ပြန့်ပွားရေးကိုလည်းကောင်း ဟောပြောကြသည်။

**လက်ခံရယူ**

ထို့နောက်စာအုပ်အလှူရှင်နှင့် ငွေအလှူရှင် ခုနစ်ဦးတို့က ငွေကျပ် ၈၀၀၀နှင့် စာအုပ်မျိုးစုံ ၁၅၀ ပေးအပ်လှူဒါန်းကြရာ စာကြည့်တိုက်ဥက္ကဋ္ဌ ဦးမျိုးမြင့်က လက်ခံရယူသည်။

**(မြို့နယ် ပြန်/ဆက်)**



**စစ်ကိုင်းတိုင်း ယင်းမာပင်မြို့နယ် အင်းအုပ်စု ပေါက်သဖကျေးရွာရှိ အလှူရှင် စက်ရေတွင်းလည်ပတ်မှုကို ဒီဇင်ဘာ၃ရက်က စည်ပင်သာယာရေး ဦးစီးဌာန(ရုံးချုပ်) ညွှန်ကြားရေးမှူး ဦးကျော်လှိုင်(စစ်ဆေးရေး)နှင့် အဖွဲ့ဝင်များ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစိုးလင်းနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးတင်မောင်ဌေးတို့က ရှင်းလင်းတင်ပြကြစဉ်။**

(နယ်စပ်/စည်ပင်)

## (၇၉)ကြိမ်မြောက် သွေးလှူဒါန်း



**ရန်ကုန် ဒီဇင်ဘာ ၃၀**

မင်္ဂလာတောင်ညွန့်မြို့နယ် လမ်း (၁၁၀)ပဲခူးကျောင်းတိုက်မှ ရပ်ကွက်သံဃနာယက အကျိုးတော်ဆောင် အရှင်တေဇ(လူမှုထုံးချွန် ပထမဆင့်) **(အပေါ်ပုံ)**သည် ဒီဇင်ဘာ ၂၃ ရက်က ရန်ကုန်မြို့ ပြည်သူ့ဆေးရုံကြီး ဗဟိုအမျိုးသား သွေးလှူဘဏ်၌ (၇၉)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(က–ပ)**

## ရေစကြို ရာဇမုနိရွှေသိမ်တော်ဘုရား ရွှေထီးတော်တင်လှူ ပူဇော်ပွဲအခမ်းအနားကျင်းပ

**ရေစကြို ဒီဇင်ဘာ ၂၀**

မကွေးတိုင်း ရေစကြိုမြို့နယ် ဇီးတော စံပြကျေးရွာ ရာဇမုနိရွှေသိမ်တော် မြတ်စွာဘုရားရွှေထီးတော်တင်လှူပူဇော်ပွဲကို ဒီဇင်ဘာ ၁၂ရက် နံနက် ၁၁နာရီက ကျင်းပသည်။

အခမ်းအနားတွင် ဇီးတောစံပြကျေးရွာ ရွှေထီးတော် ကုသိုလ်ရှင် ဒေါ်ကြီးနှင့် သား ကိုခင်မောင်ဝင်း၊ မခင်သန့်ဇင်၊ ကိုဇော်မင်းနှင့် မဝင်းဝင်းမော်တို့က လှူဒါန်းပြီး ဝိဝေကာရာမကိုးဆောင် ကျောင်းတိုက်ဆရာတော် ဦးဝိလာသဂ္ဂ အမှူးထား၍ ရေစကြိုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးတင်အောင်ခိုင်နှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစောမောင်တို့က လွှဲပြောင်းပေးအပ်ကာ ရွှေထီးတော်တင်လှူပူဇော်ကြကြောင်း သိရသည်။**(အပေါ်ယာပုံ)** **(မြို့နယ် ပြန်/ဆက်)**



**အမှတ် ၉/၂၃၇ ရန်ငြိမ်းလမ်းသွယ်(၁) (၆)ရပ်ကွက် အနောက်ရန်ကင်းနေ ဦးတင်အောင်ကြည်–ဒေါ်ရွှေးရွှေသာ၊ (သား) ဦးအောင်အေးကြည်၊ ဦးကျော်ဝင်းမြင့်ကြည် မိသားစုက ဆေးပဒေသာပင်အတွက် အလှူငွေကျပ် တစ်သိန်းကို ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း (၁၆/၂) ရပ်ကွက် သဃ်န်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှု အသင်းသို့ လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးကျော်သူက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်း လွှာပြန်လည်ပေးအပ်စဉ်။** (က–ပ)




## မိုင်းဆတ်လမ်းခင်းရန် ကျောက်စုဆောင်း

**မိုင်းဆတ် ဒီဇင်ဘာ ၁၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းဆတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄–၂၀၀၅ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် မယ်ဆွမ်မြောက်ရပ်ကွက် (သမိန်ဗရမ်းလမ်း) အရှည်ပေ၇၀၀၊ အကျယ် ၁၂ပေကျောက်ချောခင်းခြင်းလုပ်ငန်းအတွက် လမ်းပေါ်တွင် ကျောက်စုဆောင်းထားရှိမှုကို ဒီဇင်ဘာ ၁၀ရက်က အမှုဆောင်အရာရှိ ဦးတင့်ဝေနှင့် အငယ်တန်းအင်ဂျင်နီယာ ဦးခင်မောင်ဝင်းတို့ ကွင်းဆင်း ကြီးကြပ်ဆောင်ရွက်ကြသည်။**(အောက်ပုံ) (မြို့နယ်စည်ပင်)**

## အောင်လံမြို့ ရွှေဝါမြေဂေါက်ကလပ် ငွေရတုဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်

**အောင်လံ ဒီဇင်ဘာ ၂၅**

အောင်လံမြို့ ရွှေဝါမြေဂေါက်ကလပ်၏ (၂၅)နှစ်မြောက် ငွေရတုအထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၁၉ ရက်က အောင်လံမြို့ ရွှေဝါမြေဂေါက်ကလပ်၌ ကျင်းပသည်။

**ချီးမြှင့်မည်**

အစည်းအဝေးတွင် အသင်းကပ္ပတိန်ဟောင်းများ ဖြစ်ကြသော ဦးဝမ်ဖေ၊ ဦးကံထွန်း(အောင်လံ–ကံထွန်း)တို့က အသင်း စတင်တည်ထောင်ခဲ့သည့်(၂၅)နှစ်မြောက် အထိမ်းအမှတ်အဖြစ် ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပ၍ ဆုများကို ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ငွေရတုသဘင် ဂေါက်သီး ရိုက်ပြိုင်ပွဲကို ၂၀၀၅ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် (၁၈)ကျင်းပြိုင်ပွဲကျင်းပပြီး ငွေရတုဂေါက်သီးရိုက်ပြိုင်ပွဲ ပထမဆုဖလားနှင့်အတူ အကျောပေး ဝမှ ၁၈ အထိတစ်တန်း၊ အကျောပေး ၁၉မှ ၂၄ အထိ တစ်တန်းအတန်း နှစ်တန်းခွဲ၍ ကျင်းပမည် ဖြစ်သည်။ ပါဝင်ယှဉ်ပြိုင်လိုသူများသည် ဖုန်း ၀၆၉–၂၁၀၀၂၊ ၀၆၉–၂၁၀၃၇ နှင့် ၀၆၉–၂၁၇၇၁ တို့သို့ဆက်သွယ်စာရင်းပေးနိုင်ကြောင်းသိရသည်။ **(က–ပ)**

**ဒီဇင်ဘာ ၁၁ရက်က အိမ်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးမိုးမြင့်၊ ဒုတိယဦးစီးမှူး(အခွန်) ဒေါ်စုစုသိန်းနှင့် ဝန်ထမ်းများ စုပေါင်း၍ မြို့အဝင် သာယာလှပရေးအတွက် သန့်ရှင်းရေးဆောင်ရွက်ခြင်းနှင့် ပန်းအလှပင်များ အစားထိုးစိုက်ပျိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။** (မြို့နယ်စည်ပင်)



## ကိုယ့်အားကိုယ်ကိုးကတ္တရာလမ်း ထပ်ပိုးလွှာခင်း

**လှည်းကူး ဒီဇင်ဘာ ၂၂**

လှည်းကူးမြို့ ဈေးပိုင်းရပ်ကွက် ကမ်းနားလမ်း အရှည်ပေ ၅၆၀၊ အကျယ် ၁၂ပေအား ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းထပ်ပိုးလွှာခင်းခြင်း လုပ်ငန်း ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၅ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးကျော်လတ် ကွင်းဆင်းကြီးကြပ်ဆောင်ရွက်သည်။ အဆိုပါလမ်းကို အလှူရှင်ဈေးပိုင်းရပ်ကွက် ကမ်းနားလမ်းနေ ဦးမြဝင်းက အလှူငွေကျပ် ခုနစ်သိန်းနှင့် လှည်းကူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျပ်ခြောက်သိန်း စုစုပေါင်း ငွေကျပ် ၁၃သိန်းဖြင့် ဆောင်ရွက်ခဲ့ကြောင်းသိရသည်။ **(မြို့နယ်စည်ပင်)**



**ဒီဇင်ဘာ ၂၃ရက်က ရေတာရှည်မြို့နယ် အနောက်ဘက်ရှိ ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေးအတွက် စိုက်ပျိုးထားသော ကျွန်းစိုက်ခင်းဧက ၁၃၀၀ ကို မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးဥက္ကာနှင့်ဝန်ထမ်းများ ကွင်းဆင်း၍ အပင်ရှင်သန်ကြီးထွားမှုရာခိုင်နှုန်း ရေတွက်စဉ်။** (က–ပ)



## ဘာသာရပ်ဆိုင်ရာနှင့် အခြေခံလက်နက်မဲ့စစ်ရေးပြသင်တန်းဖွင့်

**မကွေး ဒီဇင်ဘာ ၂၀**

မကွေးတိုင်းလူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော ဘာသာရပ်ဆိုင်ရာ သင်တန်းနှင့် အခြေခံလက်နက်မဲ့စစ်ရေးပြ သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၇ရက်က တိုင်းဦးစီးမှူးရုံးခန်းမ၌ကျင်းပရာ တိုင်းဦးစီးမှူးဦးချိုထွန်းနှင့် မကွေးတိုင်း၂၅မြို့နယ်မှ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဦးစီးမှူး ဦးချိုထွန်းက အမှာစကားပြောကြားပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## ဆိပ်ဖြူ အထက ကျောင်းသားဟောင်းများ အာစရိယပူဇော်

**ဆိပ်ဖြူ ဒီဇင်ဘာ ၁၈**

ဆိပ်ဖြူမြို့ အခြေခံပညာ အထက်တန်းကျောင်းသား ကျောင်းသူဟောင်းများ၏ ပဥ္စမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၇ရက် နံနက် ၁၀နာရီက ဆိပ်ဖြူမြို့ အခြေခံပညာ အထက်တန်းကျောင်း နဝရတ်ခန်းမ၌ ကျင်းပသည်။

အာစရိယပူဇော်ပွဲတွင် ဆိပ်ဖြူမြို့ အခြေခံပညာအထက်တန်းကျောင်းမှ တာဝန်ထမ်းဆောင်ခဲ့ကြသော အသက် (၆၀)ပြည့် ဆရာကြီး၊ ဆရာမကြီး ၃၅ဦးတို့အား ပူဇော်ကန်တော့ကြသည်။ **(မြို့နယ်ပြန်/ဆက်)**



**မော်လမြိုင်ကျွန်းမြို့နယ် စည်ပင်သာယာရေး အဖွဲ့က ဈေးများ မီးဘေးကြိုတင် ကာကွယ်ရေးအတွက်စီမံချက်များ ရေးဆွဲ ဆောင်ရွက်မှုကို ဒီဇင်ဘာ ၅ရက်က မြို့မဈေး၊ အောင် သာ ယာ ဈေး၊ ဆိပ်ကမ်းသာဈေးများ အတွင်း တိုင်း မီးသတ် ဦးစီးမှူး ဦးစည်သူ၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်မောင်နှင့် တာဝန်ရှိသူများက မီးဘေးကြိုတင်ကာကွယ်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေးကြစဉ်။** (မြို့နယ်စည်ပင်)

# စက်ရုံစီမံကိန်းရည်မှန်းချက်များ အကောင်အထည်ဖော်နိုင်ရေး စေတနာထားကြပ်မတ်

# အဓိကလိုအပ်သည့် ဝါကုန်ကြမ်းအပြည့်အဝရရှိရေး စီမံချက်ချ စိုက်ပျိုးထုတ်လုပ်

# အရည်အသွေးမီ သွင်းကုန်အစားထိုးစက်ရုံအဖြစ် ပီပြင်စွာရပ်တည်နိုင်ရေး ကြိုးပမ်း

# ပွင့်ဖြူချည်မျှင်နှင့်အထည်စက်ရုံ ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီ စတင်လည်ပတ်နိုင်ရေး စီစဉ်

**ကြည့်ရှုစစ်ဆေး**

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း ပွင့်ဖြူမြို့ ကန်သာကြီး ကျေးရွာအနီးရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း၏ ပွင့်ဖြူ ချည်မျှင်နှင့် အထည်စက်ရုံ (စီမံကိန်း) စက်ရုံအတွင်း ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

**ရန်ကုန် ဒီဇင်ဘာ ၃၀**

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ဒီဇင်ဘာ ၂၈ ရက် နံနက် ၇ နာရီခွဲတွင် မြန်မာ့လေကြောင်းလေယာဉ်ဖြင့် ရန်ကုန်မြို့မှ မကွေးတိုင်း မကွေးမြို့သို့ ရောက်ရှိသည်။

စာမျက်နှာ ၆ ကော်လံ ၁ ❒





ချောက်–လမ်းရွာ ရေနံမြေ တွင်းအမှတ် (၁၁၅၄) ကို တွေ့ရစဉ်။

(သတင်းစဉ်)

## အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်

## မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရ ရုပ်ရှင်ပညာရှင်များဂုဏ်ပြုပွဲတက်ရောက်ချီးမြှင့်

**ရန်ကုန် ဒီဇင်ဘာ ၃၀**

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမိသားစုက ၂၀၀၃ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု(အကယ်ဒမီဆု)ရ ရုပ်ရှင်အနုပညာရှင် အတတ်ပညာရှင်များအား ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့ညနေ ၆ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝက်ပါလမ်းရှိ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး အဆောက်အအုံရှေ့ မြက်ခင်းပြင်၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ချီးမြှင့်သည်။

စာမျက်နှာ ၁၁ ကော်လံ ၃ ■

## လျှင်နှင့်ပတ်သက်၍ ခန့်မှန်းချက်သတင်းများအပေါ်

## ပြည်သူများ စိုးရိမ်မှုမဖြစ်ကြရန်

## သက်ဆိုင်ရာပညာရှင်များက အကြံပြုနှိုးဆော်

ရန်ကုန် ဒီဇင်ဘာ ၃၀

ဒီဇင်ဘာ ၂၆ရက်က ကပ္ပလီပင်လယ်ပြင်တွင် မြေငလျင်လှုပ်ရှားမှုအခြေအနေနှင့် ပတ်သက်၍ ဒီဇင်ဘာ ၂၇ ရက်ထုတ် သတင်းစာများတွင် သတင်းထုတ်ပြန်ခဲ့ရာ၌ မြေငလျင်လှုပ်နိုင်ကြောင်း ကြိုတင်သတိပေးထုတ်ပြန်ချက်ကို မည်သည့်နိုင်ငံတွင်မျှ မဆောင်ရွက်နိုင်သေးကြောင်း ပြည်သူများအား အသိပေးဖော်ပြခဲ့ပြီး ဖြစ်ပါသည်။

သို့ရာတွင် ရန်ကုန်မြို့ရှိ အချို့သောပြည်သူများအနေဖြင့် နိုင်ငံခြားသတင်းဌာနတစ်ခုတွင် အိန္ဒိယနိုင်ငံအစိုးရက အိန္ဒိယနိုင်ငံ ပင်လယ်ကမ်းခြေတစ်ဝိုက်နေထိုင်ကြသော အိန္ဒိယပြည်သူများအား ငလျင်ကြောင့်ဖြစ်ပေါ်သည့် ပင်လယ်ဒီရေလှိုင်းအန္တရာယ်အကြောင်းကို သတိပြုနိုင်ရန် ပညာပေးထုတ်လွှင့်ခဲ့ခြင်းအပေါ် စိုးရိမ်ပူပန်ပြီး မိမိတို့၏ နေအိမ်တိုက်တာများအပေါ်မှ ဘောလုံးကွင်းစသည့် ကွင်းပြင်များသို့ဆင်း၍ နေလျက်ရှိကြကြောင်း ကြားသိရပါသည်။

သို့ပါ၍ ပြည်သူများအနေဖြင့် စိုးရိမ်ကြောင့်ကြမှုမရှိဘဲ မိမိတို့၏ နေအိမ်တိုက်တာများတွင်ပင် နေထိုင်ကြခြင်းက ပိုမိုလုံခြုံစိတ်ချရမှု ရှိကြောင်းဖြင့် သက်ဆိုင်ရာပညာရှင်များက အကြံပြုနှိုးဆော်ထားကြောင်း အသိပေးအပ်ပါသည်။

(သတင်းစဉ်)

**မြန်မာ့အလင်း (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုကြိုဆို**

❒ မလစ်သတိ အမြဲရှိ။ (မေရှ၏ကဗျာ (စာ–၃))

❒ ပြည်ထောင်စုကြီးတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်နေလိုက်တာ ကွက်ပြည့်ပါလား ငါ့တူရ။ (တိမ်ပုံ၏ ကာတွန်း (စာ–၃))

❒ မြန်မာနိုင်ငံ၏ စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းပေးလျက်ရှိသည့် မြန်မာ့ရေနံမြေနှင့် သဘာဝဓာတ်ငွေ့မြေများ။ (ဓာတ်ပုံမှတ်တမ်း (စာ–၇))

❒ နယ်ချဲ့သွေးခွဲမှုများကို ယနေ့တိုင်တွေ့နေရပေသေးသည်။ ကိုယ့်နိုင်ငံ ကိုယ်ပြန်ဖျက်၊ ကိုယ့်အမျိုးသားရေးသစ္စာ ကိုယ်တိုင်ဖောက်၊ ကိုယ့်လွတ်လပ်ရေး ကိုယ်တိုင်နယ်ချဲ့လက်ပြန်အပ်မည့် ပြည်ပြေး၊ ဝရမ်းပြေး၊ အမျိုးသား သစ္စာဖောက်များကို မွေးမြူအသုံးချနေဆဲ ဖြစ်သည်။ (ကျော်ဇင်ညွှန့်(ဗဟိုတရားရုံးရှေ့နေ)၏ ဆောင်းပါး (စာ–၈၊၉))

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက်(၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး